# မြန်မာ့သစ်များ ဥရောပသမဂ္ဂ ဥပဒေကန့်သတ်ချက် ရှိနေသည့်ကြားက အီတလီမှတဆင့် ဥရောပတခွင် ပြန့်သွားခဲ့ပုံ

## မာတိကာ


မြန်မာ့သစ်များ ဥရောပသမဂ္ဂ ဥပဒေကန့်သတ်ချက် ရှိနေသည့်ကြားက အီတလီမှတဆင့် ဥရောပတခွင် ပြန့်သွားခဲ့ပုံ ........ 1

အသိအမှတ်ပြု ကျေးဇူးတင်လွှာ ........ 2

ခြုံငုံသုံးသပ်ချက် ........ 2

အကြံပြုချက်များ ........ 3

မြန်မာ့သစ်တောများကို ခြိမ်းခြောက်နေမှုများ ........ 4

ဥပဒေစည်းမျဉ်း အကန့်အသတ် ရှိပါလျက်နှင့် ဆက်လက်တင်သွင်းနေသော အီတလီသစ်ကုန်သည်များ ........ 5

သီးခြား ရှင်းလင်းချက် ၁။ ။ မြန်မာနိုင်ငံ သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲရေး အကျိုးပြုရန်အတွက် EIA ၏ လုပ်ဆောင်မှုများ ........ 7

သီးခြား ရှင်းလင်းချက် ၂။ မြန်မာ့သစ်များနှင့် ပတ်သက်သော ဥရောပသမဂ္ဂ၏ ဘုံယူဆချက် ကောက်ယူရသည့် နောက်ခံ အကြောင်းအရင်း ........ 9

သစ်ကုန်သည်များ ........ 11

မြန်မာ့ကျွန်းသစ်အား အသုံးပြုကြပုံ အမျိုးမျိုးနှင့် ဝယ်ယူကြသူများ အကြောင်း ........ 12

သီးခြား ရှင်းလင်းချက် ၃။ မြန်မာ့ကျွန်းသစ်နှင့် ဇိမ်ခံ ရွက်လှေ လုပ်ငန်း ဆက်စပ်မှု ........ 12

တရားဝင်မှုဆိုင်ရာ မရှင်းမလင်း ပြောဆိုမှုများ ........ 13

အီတလီမှ ဥရောပတခွင်သို့ ဆက်လက် တင်ပို့မှု ........ 14

သီးခြား ရှင်းလင်းချက် ၄။ ဥရောပသမဂ္ဂ ဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံ ရရှိနေသည့် F.LLI Budai SRL ကုမ္ပဏီက တဖက်တွင်လည်း ဥရောပသမဂ္ဂ၏ ရပ်တည်ချက်ကို လစ်လျူရှုနေမှု ........ 16

အီတလီသို့ သစ်တင်သွင်းရင်း ရှိနေနိုင်သည့် အခွန်ရှောင်မှု ........ 16

အီတလီအာဏာပိုင်များ၏ ဥပဒေစိုးမိုးရေး လုပ်ဆောင်မှု ပြဿနာ ........ 18

မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှုနှင့် မြန်မာ့သစ် ကုန်သွယ်မှု ........ 19
ကုမ္ပဏီများထံမှ တုံ့ပြန်မှုများ ........ 26
သစ်ရောင်းဝယ်ခြင်းနှင့် ပတ်သက်သော စီးပွားရေး ဒဏ်ခတ်မှုများ ........ 27
သီးခြား ရှင်းလင်းချက်။ ပြစ်မှတ်ထားသော စီးပွားရေး ပိတ်ဆို့မှုများ၏ အရေးကြီးပုံ ........ 28
အကြံပြုချက်များ ........ 29

## အသိအမှတ်ပြု ကျေးဇူးတင်လွှာ

ဤအစီအရင်ခံစာကို သဘာဝ ပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့ (EIA) က ရေးသား တည်းဖြတ်သည်။ ဤအစီအရင်ခံစာ ဖြစ်မြောက်ရေးအတွက် နော်ဝေးနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာနနှင့် ယူကေနိုင်ငံ၏ နိုင်ငံခြားရေး၊ ဓနသဟာယအဖွဲ့နှင့် ဖွံ့ဖြိုးရေးရာရုံး (FCDO) တို့က ဘဏ္ဍာရေး ထောက်ပံ့ပါသည်။ ဤအစီအရင်ခံစာ ဖြစ်မြောက်ရေးတွင် Wildlight အဖွဲ့၏ ကူညီထောက်ပံ့မှုအတွက်လည်း ကျေးဇူးအထူး တင်ရှိပါသည်။ ဤအစီအရင်ခံစာပါ အကြောင်းအရာများနှင့် ပတ်သက်၍ EIA တွင်သာ တာဝန်ရှိပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံဘက်မှ အဖိုးတန်သစ်များ တင်သွင်းရောင်းချခြင်းကို နိုင်ငံအများအပြားက ပိတ်ပင်တိုက်ဖျက်နေပြီး ထိုသို့ တင်သွင်းမှု လက်ခံခြင်းသည် သစ်ရောင်းဝယ်မှုဆိုင်ရာ ဥရောပသမဂ္ဂ စည်းမျဉ်းအား ချိုးဖောက်ခြင်း ဖြစ်သည်ဟု ဥရောပအာဏာပိုင်များက သဘောတူထားပါလျက်နှင့် အီတလီ သစ်ရောင်းဝယ်ရေးလောကမှ သစ်ကုမ္ပဏီများက ထိုသို့ တင်သွင်းမှု လက်ခံခြင်းဖြင့် အကျိုးအမြတ်များ ဆက်လက်ရရှိနေဆဲ ဖြစ်သည်ကို EIA ၏ သိုသိပ်စွာ စုံစမ်းစစ်ဆေးမှုတခုက ဖော်ထုတ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီး နောက်ပိုင်းတွင် ယခုလို မြန်မာ့သစ် ရောင်းဝယ်ဖောက်ကားမှု ရှိနေခဲ့ပါသည်။ မကြာသေးခင် ကာလက မြန်မာနိုင်ငံအတွင်း တရားဝင် သစ်ရောင်းဝယ်ခွင့်ရှိသည့် တခုတည်းသော နိုင်ငံပိုင်ကုမ္ပဏီ မြန်မာ့သစ်လုပ်ငန်းကို ဥရောပသမဂ္ဂက စတင် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်ခဲ့သော်လည်း မည်သည့် အီတလီသစ်ကုန်သည်ကမျှ မြန်မာနိုင်ငံမှ သစ်တင်သွင်းမှုကို ရပ်ဆိုင်းမည်ဟု အတည်ပြုခြင်း မရှိခဲ့ပါ။

EIA ၏ ယခုစုံစမ်းစစ်ဆေး တွေ့ရှိချက်များကြောင့် အီတလီနှင့်တကွ ဥရောပအာဏာပိုင်များသည် ထိုသို့သော သစ်ရောင်းဝယ်မှုကို မည်သို့သော ပုံစံဖြင့် ဆက်လုပ်ခွင့်ပေးနေပြီး ဤရောင်းဝယ်မှု ရပ်သွားရန် မည်ကဲ့သို့လုပ်ဆောင်မည် ဆိုသည်တို့ကို မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ မြန်မာ့သစ်များ ရောင်းဝယ်ခြင်းတွင် ဥပဒေ ပြဿနာများရှိနေသည့်အပေါ် တိုးမြှင့် စည်းကြပ်မှုများ ပြုလုပ်နေပါလျက်နှင့် ထိုသို့ ရောင်းဝယ်မှုက ဆက်လက် တိုးမြှင့်နေပြီး ဥပဒေချိုးဖောက်သည့် ကုမ္ပဏီများ အနေဖြင့်လည်း မည်ကာမတ္တမျှသာ ဖြစ်သော ဒဏ်ငွေများသာ တပ်ခြင်း ခံရပါသည်။

အဘယ့်ကြောင့် အီတလီရှိ ပြစ်ဒဏ်ချနိုင်စွမ်းရှိသော အာဏာပိုင်များက မြန်မာ့ကျွန်းသစ် ဆက်လက်ရောင်းဝယ်နေမှုကို ခွင့်ပြုနေသနည်း ဆိုသည့်အချက်၊ အဘယ့်ကြောင့် အီတလီကဲ့သို့ ဥရောပသမဂ္ဂအဖွဲ့ဝင် တနိုင်ငံက ရှိနေပြီးသော ဥပဒေများကို အသုံးပြု ၍ အဆိုပါ ရောင်းဝယ်မှုကို ပပျောက်အောင် မလုပ်ပဲ မြန်မာလူထုကို မသိကျိုးကျွန်ပြုနေသနည်း ဆိုသည့် အချက် တို့ကို စုံစမ်းစစ်ဆေးရန်အတွက် ဤအစီအရင်ခံစာပါ သက်သေအထောက်အထားများကို အသုံးပြုသင့်ပါသည်။

၂၀၂၀ ပြည့်နှစ် အစောပိုင်းမှစပြီး ၁၈ လ ကြာမြင့်ခဲ့သော ယခုစုံစမ်းစစ်ဆေးမှုအရ အီတလီ သစ်ကုန်သည် ၂၇ ယောက်သည် သစ်ရောင်းဝယ်မှုဆိုင်ရာ ဥရောပသမဂ္ဂ၏ စည်းမျဉ်း (EUTR) က မြန်မာနိုင်ငံမှ တင်သွင်းသည့် သစ်များကို ရှင်းရှင်းလင်းလင်း တားမြစ်ထားပါလျက်နှင့် ဥရောပသမဂ္ဂ နယ်ပယ်အတွင်းသို့ မြန်မာ့ကျွန်းသစ်များ တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အီတလီနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှည်လျားကြာညောင်းသော ကုန်သွယ်ရေး သမိုင်းကြောင်း ရှိသည့် နိုင်ငံ ဖြစ်၏။ ကုန်သွယ်မှု အချက်အလက် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၁ ရက် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု မဖြစ်ပွားမီ လတ်တလောနှစ်များတွင် မြန်မာနိုင်ငံမှ အီတလီက တင်သွင်းသည့် သစ်ပမာဏ တိုးတက်လာနေခဲ့သည်ကို တွေ့ရပြီး ဥရောပသမဂ္ဂ သစ်ဈေးကွက်အားလည်း လွှမ်းမိုးလာခဲ့ပါသည်။ အလားတူ အချိန်ကာလအတွင်းတွင်ပင် EUTR စည်းမျဉ်းအား လိုက်နာနိုင်စေရန် လုပ်ဆောင်ဖွယ်ရာများ ရှိလာသည်နှင့်အညီ အခြား ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ မြန်မာနိုင်ငံမှ သစ်တင်သွင်းနှုန်းကမူ ကျဆင်းသွားခဲ့ပါသည်။ ထိုသို့ဖြစ်ခဲ့ခြင်းမှာ အာဏာပိုင်များက

ထိထိရောက်ရောက် လိုက်နာပြီး အရေးယူဆောင်ရွက်ခဲ့ကြ၍ ဖြစ်နိုင်ပြီး ဥပမာအားဖြင့် ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံ တို့တွင် ထိုသို့ ကျဆင်းသွားခဲ့၏။

EIA ၏ ယခုစုံစမ်းစစ်ဆေးမှုအရ အချို့သော အီတလီကုမ္ပဏီများသည် မြန်မာ့သစ်များကို အခြား ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့လည်း လွှဲပြောင်းရောင်းချခဲ့ကြသည်ကို တွေ့ရ၏။ အရေးယူခံရနိုင်သည့် အခြေအနေတွင် ထိုသို့ပြုလုပ်ခြင်းသည် ဥပဒေကို လက်တလုံးခြား လုပ်ခြင်းလည်း သက်ရောက်မည် ဖြစ်သည်။

ယခု စုံစမ်းစစ်ဆေးမှုအရ အီတလီ ကုမ္ပဏီ ၂၇ ခုသည် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီး နောက်ပိုင်းတွင်လည်း မြန်မာ့သစ်များကို ဆက်လက် တင်သွင်း ဝယ်ယူ ရောင်းချနေသည်ကို တွေ့ရ၏။ ထိုသို့ပြုလုပ်နေသည်ကို ၂၀၂၂ ခုနှစ် မတ်၊ ဧပြီ၊ မေလ တို့အတွင်း ယူရိုငွေ ၁.၃ သန်းနှင့် ၁.၅ သန်းကြား တန်ဖိုးရှိသော မြန်မာ့သစ်ထုတ်ကုန်များကို အီတလီသစ်ကုန်သည်များက ဝယ်ယူတင်သွင်းနေသည် ဆိုသည့် ကုန်သွယ်ရေး စာရင်းဇယားများအရ သိရခြင်း ဖြစ်သည်။ ထိုသို့ အီတလီ ကုမ္ပဏီများက ဆက်လက် ရောင်းဝယ်မှု ပြုနေခြင်းသည် မြန်မာစစ်အစိုးရနှင့်တကွ ၎င်းတို့၏ မြန်မာလူထုကို ဖိနှိပ်ခြင်းနှင့် မြန်မာ့သစ်တောများ ဖျက်ဆီးခြင်းတို့ကို ထောက်ပံ့ရာ ရောက်မည် ဖြစ်သည်။

ယခု စုံစမ်းစစ်ဆေးမှုအရ နောက်ထပ် တွေ့ရှိချက်တခုမှာ အီတလီ ကုမ္ပဏီ တခုဖြစ်သော F LLI Budai သည် EUTR စည်းမျဉ်းကို ရှောင်ကွင်းပြီး မြန်မာ့ကျွန်းသစ်များကို တင်သွင်းနေသည့်အပြင် တဖက်မှာလည်း ဥရောပသမဂ္ဂထံမှ ဖွံ့ဖြိုးရေးကူငွေကို ရရှိနေသည်ကို တွေ့ရ၏။

EIA ၏ စုံစမ်းစစ်ဆေးသူများနှင့် ပြောဆိုချက်အရ အချို့ အီတလီသစ်ကုန်သည်များက ၎င်းတို့ တင်သွင်းသော သစ်များသည် တရားဝင် အရင်းအမြစ်များမှ ရရှိကြောင်း အာမ မခံနိုင်သည့်အတွက် EUTR စည်းမျဉ်းအတိုင်း မလိုက်နာနိုင်ကြောင်းကိုလည်း ဝန်ခံခဲ့ကြ၏။ မည်သို့ဖြစ်စေ အီတလီအာဏာပိုင်များသည် အီတလီ သစ်ကုန်သည်များ EUTR စည်းမျဉ်းအရ လိုအပ်ချက်များကို မလိုက်နာခြင်းအပေါ် လုံလောက်သည့် ပြစ်ဒဏ်ပေးမှု မရှိသည်မှာ ပေါ်လွင်နေပြီး မြန်မာနိုင်ငံမှ သစ်တင်ပို့လာမှုများက တရားမဝင်ကြောင်း ဥရောပသမဂ္ဂ အာဏာပိုင်များအကြား သဘောတူထားပါလျက်နှင့် ထိုသို့ တင်ပို့လာမှုများကို ဆက်လက် ခွင့်ပြုနေခဲ့၏။

မြန်မာနိုင်ငံတွင် ယင်းစစ်အာဏာသိမ်းမှု ဖြစ်ပြီးနောက်ပိုင်းမှစ၍ ကနေဒါ၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် အမေရိကန်နိုင်ငံတို့က မြန်မာနိုင်ငံရှိ နိုင်ငံပိုင်လုပ်ငန်းများနှင့်တကွ စစ်အစိုးရနှင့် ဆက်စပ်သော လူပုဂ္ဂိုလ်များကို ဒဏ်ခတ် အရေးယူမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ အရေးယူခဲ့သည့်အထဲတွင် မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဦးခင်မောင်ရီတို့လည်း ပါဝင်ခဲ့ပြီး စစ်အစိုးရက မြန်မာ့သယံဇာတများအား အသုံးချ အမြတ်ထုတ်ပြီး ဝင်ငွေရှာနေခြင်းကို တားဆီးရန် ရည်ရွယ်ရင်း ဖြစ်၏။

EIA က အထူးစိုးရိမ်သည်မှာ မြန်မာ့သစ်ကဏ္ဍအား စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်ထားပါလျက်နှင့် အီတလီ သစ်ကုန်သည်များက ပြစ်ဒဏ်မသင့်ပဲ မြန်မာ့ကျွန်းသစ်များကို ဆက်လက်တင်သွင်းနေနိုင်သည့် အခြေအနေ ဖြစ်သည်။

EIA အနေဖြင့် အီတလီနိုင်ငံကို သစ်တင်သွင်းနေသည်ဟု စာရင်းသွင်းထားသော ကုမ္ပဏီများဖြစ်သည့် Basso Legnami၊ Belotti SPA၊ F LLI Budai၊ CF Wood၊ Comilegno Srl၊ GTH Italia၊ International Wood Srl၊ Miura Friends၊ Sangiorgi Legnami SPA၊ Timberlux Srl၊ TWB Solutions Srl တို့နှင့် ဆွီဒင် ကုမ္ပဏီ ဖြစ်သော Kärnsund Wood Link တို့အား အထက်ပါ အခြေအနေအပေါ် တုံ့ပြန်ခွင့် ပေးခဲ့ပါသည်။ EIA သည် ဆိုခဲ့သော သစ်တောဥပဒေ စိုးမိုးရေးတွင် တာဝန်ရှိသော အာဏာပိုင် ဌာနနှစ်ခု ဖြစ်သည့် အီတလီ တပ်ထိန်းရဲဌာန လက်အောက်မှ သစ်တောရဲဌာနနှင့် အီတလီ စိုက်ပျိုးရေး၊ အစားအသောက်နှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MiPAAF) တို့ကိုလည်း အထက်ပါ တွေ့ရှိချက်များအပေါ် မှတ်ချက်ပေးရန် လမ်းဖွင့်ပေးခဲ့ပါသည်။

ထိုအခါတွင် အထက်ပါ ကုမ္ပဏီများထဲမှ Basso Legnami၊ GTH Italia နှင့် Kärnsund ကုမ္ပဏီများက EIA ကို သီးခြားစီ စာပြန်ခဲ့ကြပြီး Belotti SPA၊ Comilegno Srl၊ International Wood Srl၊ Sangiorgi Legnami SPA၊ Timberlux Srl၊ TWB Solutions Srl တို့ကမူ EIA ကို စုပေါင်း စာပြန်ခဲ့ကြ၏။ အဆိုပါ စာပြန်သော ကုမ္ပဏီများက EIA ၏ အထက်ဖော်ပြပါ အချက်များဖြင့် စွဲချက်တင်မှုများကို ပယ်ချခဲ့ကြပြီး ၎င်းတို့သည် EUTR စည်းမျဉ်းအတိုင်း လိုက်နာခဲ့သည် (သို့တည်းမဟုတ်) သစ်တင်သွင်းမှုများကို သက်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သော အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် လုပ်ခဲ့သည် (သို့တည်းမဟုတ်) “သက်ဆိုင်ရာ စည်းမျဉ်းက သတ်မှတ်သော တာဝန်များမှ ဘယ်တော့မှ မသွေဖီခဲ့ပါ” အစရှိသဖြင့် EIA ကို တုံ့ပြန်ခဲ့ကြသည်။ အထက်ပါ မည်သည့် ကုမ္ပဏီကမျှ ဆိုခဲ့ပြီးသော မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှု ဖြစ်ကာ မြန်မာ့သစ်လုပ်ငန်း စီးပွားရေး ဒဏ်ခတ် ခံရပြီးနောက်ပိုင်း မြန်မာနိုင်ငံထံမှ သစ်တင်သွင်းမှု ရပ်ဆိုင်းမည် ဟူ၍ အတည်ပြု ပြောကြားခဲ့ခြင်း မရှိချေ။ အဆိုပါ ကုမ္ပဏီများ၏ EIA အပေါ် တုံ့ပြန်ချက်များကို ဤအစီအရင်ခံစာ၏ နောက်ဆုံးပိုင်းတွင် အပြည့်အစုံ ဖော်ပြထားပါသည်။

## အကြံပြုချက်များ

အီတလီနှင့်တကွ နိုင်ငံတကာမှ သစ်ကုန်သည်များ အနေဖြင့်။ ။

• မြန်မာနိုင်ငံမှ သစ်များတင်သွင်းနေခြင်းကို ချက်ချင်း ရပ်ဆိုင်းရန်

အီတလီ အာဏာပိုင်များအနေဖြင့်။ ။
• ကြားခံနိုင်ငံ(ဥပမာ-စကော်ပူ)များမှတဆင့် အပါအဝင် မြန်မာ့သစ်များ အီတလီနိုင်ငံအတွင်းသို့ တင်သွင်းဝင်ရောက်မှု မရှိစေရေး လုပ်ဆောင်ခြင်းအားဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့် FPJVC အပေါ်တွင် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှု ထိရောက်စေရန်
• EUTR စည်းမျဉ်းက ပြဋ္ဌာန်းသော အဆင့်ဆင့် လိုက်နာဖွယ်ရာ လုပ်ငန်းစဉ်များကို မလိုက်နာလျှင် အများဆုံး ဒဏ်ငွေ ယူရှိ တသန်း ဒဏ်ရိုက်မှု အပါအဝင် EUTR စည်းမျဉ်း ဥပဒေ စိုးမိုးရေးအတွက် လုပ်ပိုင်ခွင့်အာဏာ အားလုံး အပြည့်အဝ အသုံးချရန်
• အဆိုပါ တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်လာသည် ဆိုလျှင် အီတလီ ဥပဒေပြုခြင်းဆိုင်ရာ ပြောင်းလဲမှု ပြုရန်
• ဘဏ္ဍာရေးဆိုင်ရာ ရာဇဝတ်မှုများကို အပြည့်အဝ စုံမမ်းစစ်ဆေးနိုင်ရန်အတွက် ရရှိသောထားသော သက်ဆိုင်ရာ အချက်အလက်များကို ဘဏ္ဍာရေး စည်းကြပ်အဖွဲ့အား ဝေမျှရန်

ဥရောပသမဂ္ဂနှင့် ယူကေနိုင်ငံတို့မှ အခြား ပြစ်ဒဏ်ချနိုင်စွမ်းရှိသော အာဏာပိုင်များ အနေဖြင့်။ ။
• အဖွဲ့ဝင်နိုင်ငံ အသီးသီးတွင်ရှိသော ကုမ္ပဏီများက EUTR စည်းမျဉ်း (ယူကေနိုင်ငံအတွက် UKTR စည်းမျဉ်း) များ ချိုးဖောက်မှုများတွင် ကြံရာပါအဖြစ် ပါဝင် ချိုးဖောက်နေခြင်း ရှိမရှိ စုံစမ်းစစ်ဆေးရန်

ဥရောပ ကော်မရှင် အနေဖြင့်။ ။
• EUTR စည်းမျဉ်း ဥပဒေ စိုးမိုးစေရန် ပျက်ကွက်သည့် အီတလီအပေါ် အမှုဖွင့်ရန်

နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့်။ ။
• စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုများနှင့် ပတ်သက်၍ မည်သူ့ကို ပစ်မှတ်ထားပြီး မည်သို့ အကောင်အထည်ဖော်မည် ဆိုသည့်အချက် အပါအဝင် စီးပွားရေးပိတ်ဆို့မှုများကို စနစ်တကျ ချဉ်းကပ် အကောင်အထည်ဖော်ရန်။ ထိုသို့ လုပ်ဆောင်ရာတွင် မြန်မာစစ်တပ်နှင့် သိသာထင်ရှားသော ဆက်နွယ်မှုရှိသည့် မြန်မာကုမ္ပဏီများကို ပစ်မှတ်ထားရန် (ဥပမာ-မြန်မာ့ဆန်စပါး ရောင်းဝယ်ရေး)

## မြန်မာ့သစ်တောများကို ခြိမ်းခြောက်နေမှုများ

မြန်မာ့သဘာဝသစ်တောများကို တရားမဝင် သစ်ခုတ်သူများနှင့် စိုက်ပျိုးမြေအတွက် သစ်ပင်ရှင်းလင်းသည့် ကုမ္ပဏီများက ခြိမ်းခြောက်နေကြသည်မှာ နှစ်ပေါင်း အတော်အတန် ကြာမြင့်နေပြီ ဖြစ်သည်။ ၂၀၀၀-၂၀၂၀ ကာလအတွင်း ဟက်တာ လေးသန်းခန့် မြေအကျယ်ရှိမယ်ဖြစ်သော သစ်တောဖုံးလွှမ်းမှု ဧရိယာတခုစာ ပြုန်းတီးခဲ့သည့် ကိန်းဂဏန်းများသည် ထိုသို့ခြိမ်းခြောက်နေခဲ့မှုများကို ညွှန်ပြနေခြင်း ဖြစ်၏။ အဆိုပါ ပမာဏသည် ဘောလုံးကွင်း ၅.၆ သန်းစာ အကျယ် (ခန့်မှန်းခြေ ဆွစ်ဇလန်နိုင်ငံ အရွယ်အစား)နဲ့ ညီမျှပါသည်။

မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုကြောင့် မြောက်များစွာသော ထိခိုက်မှုများတွင် ဘဝရှင်သန်ရေးအတွက် သစ်တောကို မှီခိုနေရသော လူဦးရေ ခန့်မှန်းခြေ ၁၇ သန်း သည်လည်း အပါအဝင် ဖြစ်၏။ ထိုသို့ သစ်တောပြုန်းတီးခြင်းကြောင့် ဘန်ဂေါကျား (Panthera Tigris Tigris) အမျိုးအစားနှင့် အင်ဒိုချိုင်းနိစ် ကျားမျိုးကွဲ (Panthera Tigris Corbetti) တို့ အပါအဝင် မြန်မာနိုင်ငံ၏ ဇီဝမျိုးစိတ်များ စုံလင်ကြွယ်ဝမှုကိုလည်း သိသိသာသာ သက်ရောက်စေပါသည်။ သစ်တော ပြုန်းတီးမှု၏ အဆိုးစွန် သက်ရောက်မှုမှာ နိုင်ငံတကာတွင်ရော မြန်မာနိုင်ငံတွင်ပါ တွေ့ကြုံခံစားနေရသော ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုပင် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနေ့ စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီး နောက်ပိုင်းတွင် မြန်မာ့သစ်တောများအား ခြိမ်းခြောက်မှု မြင့်တက်လာနေခဲ့သည်။ မြန်မာစစ်အစိုးရက ဝင်ငွေအတွက် သစ်ကုန်သွယ်ရေး၊ အထူးသဖြင့် ကျွန်းသစ် ကုန်သွယ်ရေးလုပ်ငန်း လည်ပတ်မှု ဆက်ရှိနေရး အရေးပါကြောင်း သတင်းထုတ်ပြန်ခဲ့မှုက ထိုခြိမ်းခြောက်မှု မြင့်တက်လာခြင်းကို ညွှန်းဆိုနေပါသည်။

တန်ဖိုးမြင့် သစ်ဖြစ်သည့် မြန်မာ့ကျွန်းသစ်အား ရောင်းဝယ်လိုသူ အများအပြားကို ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် တွေ့ရပြီး အဏ္ဏဝါပိုင်းဆိုင်ရာ၊ အထူးသဖြင့် ရွက်လှေ့ ကုန်းပတ်သားခင်းရန်အတွက် စိတ်ပါဝင်စားစွာဖြင့် ဝယ်ယူလိုကြ၏။




© EIA

ရန်ကုန်ရှိ အမျိုးသား သစ်လုပ်ငန်းမှ သစ်စက်အနီး သစ်လုံးအပုံ




© EIA

ရန်ကုန်ရှိ အမျိုးသား သစ်လုပ်ငန်းတွင် သစ်လုံးများ အချောကိုင်နေပုံ။ ထိုလုပ်ငန်းသည် ၂၀၂၁ မေလ စစ်အစိုးရ၏ သစ်လေလံပွဲတွင် ဝင်ရောက် ဝယ်ယူခဲ့သည်။




© EIA

EIA ၏ စုံစမ်းစစ်ဆေးမှုအရ အမျိုးသားသစ်လုပ်ငန်းမှ ပြုလုပ်သော ကျွန်းကုန်းပတ်ခင်းများသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာပင် အီတလီသို့ ဆက်လက်တင်ပို့နေခဲ့၏။

မြန်မာစစ်အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံ့ဝန်ထမ်း အများအပြားကလည်း စစ်အစိုးရအတွက် အလုပ်ဆင်းပေးရေးကို ငြင်းဆန်ကြသည့်အတွက် ယခင်ကတည်းကပင် ပွင့်ပွင့်လင်းလင်း မရှိလှသည့် မြန်မာ့သစ်ကုန်သွယ်ရေးသည် ပို၍ မရှင်းမလင်း ဖြစ်လာခဲ့လေသည်။ ထိုအခြေအနေတွင် မြန်မာ့ပြည်တွင်းမှ လာသည့် သစ်များ၏ မူလလမ်းကြောင်းနှင့်တကွ ဖြတ်သန်းခဲ့သည့် တရားဝင် အတည်ပြု စာရွက်စာတမ်း အဆင့်ဆင့်တို့ကို အမှန်တကယ် ဟုတ်မဟုတ် စစ်ဆေးအတည်ပြုနိုင်ရန် မဖြစ်နိုင်တော့သဖြင့် EUTR ကဲ့သို့သော စည်းမျဉ်းဥပဒေများနှင့် ကိုက်ညီအောင် လုပ်ဆောင်ဖို့လည်း မဖြစ်နိုင်တော့သလို ဖြစ်သွားလေသည်။

## ဥပဒေစည်းမျဉ်း အကန့်အသတ် ရှိပါလျက်နှင့် ဆက်လက်တင်သွင်းနေသော အီတလီသစ်ကုန်သည်များ

၂၀၁၃ ခုနှစ်တွင် ဥရောပသမဂ္ဂက တရားမဝင် သစ်ခုတ်ခြင်းနှင့်တကွ ၎င်းနှင့် ဆက်စပ်နေသော တရားမဝင် သစ်ကုန်သွယ်မှုများကို တိုက်ဖျက်ရန်အတွက် သစ်ရောင်းဝယ်မှုဆိုင်ရာ ဥရောပသမဂ္ဂ၏ စည်းမျဉ်း (EUTR)ကို စတင်မိတ်ဆက်ခဲ့၏။ EUTR စည်းမျဉ်းအရ ဥရောပသမဂ္ဂအတွင်းသို့ သစ်တင်သွင်းမည့် ကုန်သည်များသည် တရားဝင် အရင်းအမြစ်မှ လာကြောင်း သေချာစေရန်နှင့် စတင်ခုတ်ထွင် ရယူသည့် နေရာတို့ကို စစ်ဆေးအတည်ပြုနိုင်ရန် လိုအပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ဆောင်ရွက်ရန် လိုအပ်လေသည်။

အကယ်၍ သစ်ကုန်သည်တဦးတယောက်က ထိုသို့ လုပ်ငန်းစဉ်များကို လိုအပ်သလို မလိုက်နာပါက EUTR ကို ချိုးဖောက်ရာ ရောက်မည် ဖြစ်သည်။ ဥရောပသမဂ္ဂ အဖွဲ့ဝင် တနိုင်ငံချင်းစီမှ သစ်တောရေးရာဆိုင်ရာ စစ်ဆေးမှုနှင့် စည်းကမ်းချိုးဖောက်မှုများကို အပြစ်ပေးမှုတို့အတွက် တာဝန်ရှိသည့် “မလုပ်မနေရ သတ်မှတ်နိုင်သော အာဏာပိုင်” တို့မှတဆင့် EUTR စည်းမျဉ်း ဥပဒေကို စိုးမိုးသက်ရောက်စေ၏။

EIA သည် မြန်မာ့သစ်များ၊ အထူးသဖြင့် တန်ဖိုးမြင့်ကျွန်းသစ်များ ဥရောပဈေးကွက်အတွင်းသို့ ဝင်ရောက်မှုကို နှစ်ပေါင်းများစွာ စောင့်ကြည့်လာခဲ့ပါသည်။ (သီးခြား ရှင်းလင်းချက် ၁။) ထိုသို့ စောင့်ကြည့်လာခဲ့ရာတွင် လတ်တလောနှစ်များအတွင်း အဆိုပါ မြန်မာ့သစ်များ ဥရောပသမဂ္ဂအတွင်း တင်သွင်းမှုတွင် အီတလီမှတဆင့် ဝင်ရောက်မှုက တစထက်တစ များပြားလွှမ်းမိုး လာခဲ့၏။ (ပုံဖော်အချက်အလက် ၁။)

၂၀၂၀ ပြည့်နှစ်အစောပိုင်းတွင် EIA သည် အီတလီအာဏာပိုင်များထံမှ လွတ်လပ်စွာ သိရှိခွင့်အရ အချက်အလက် တောင်းခံခြင်း၊ ရှိနှင့်ပြီးသော သက်ဆိုင်ရာ သုတေသနနှင့် အစီအရင်ခံစာများအား လေ့လာခြင်း၊ အီတလီအခြေစိုက် သစ်ကုန်သည်များနှင့်တကွ အီတလီသစ်ဈေးကွက်၏ ထူးခြားသော လုပ်နည်းလုပ်ဟန်များကို အတွင်းကျကျ နားလည်နိုင်ရေးအတွက် သိုသိပ်စွာ စုံစမ်းစစ်ဆေးခြင်းများကို ပြုလုပ်ပြီး မြန်မာ့ကျွန်းသစ်များကို တင်သွင်းနေသည့် အီတလီ သစ်ကုန်သည်များကို စုံစမ်းစစ်ဆေးမှု စတင်ခဲ့ပါသည်။

ထိုကဲ့သို့ သုတေသနပြု စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် လွတ်လပ်စွာ သိရှိခွင့်အရ အီတလီအစိုးရထံမှ အချက်အလက်တောင်းခံမှုမှတဆင့် သိလာရသော မြန်မာ့ကျွန်းသစ်များ တင်သွင်းနေသည့် ကုမ္ပဏီ ၂၇ ခုအပြင် EIA ယခင်က ပြုလုပ်ခဲ့သော သုတေသနများအရ မြန်မာ့ကျွန်းသစ် တင်သွင်းသော ကုမ္ပဏီများ၊ မြန်မာ့ကျွန်းသစ်များကို အများပြည်သူအားရောင်းချမည်ဟူ၍ ကြော်ငြာနေသည့် ကုမ္ပဏီများ အပါအဝင် စုစုပေါင်း ကုမ္ပဏီ ၅၅ ခုက မြန်မာနိုင်ငံမှ ကျွန်းသစ်များ တင်သွင်းကာ ပြန်လည် ရောင်းချနေကြကြောင်း တွေ့ရှိခဲ့ရပါသည်။

မြန်မာ့ကျွန်းသစ်များကို သစ်ကုန်သည်များက ဝယ်ယူနိုင်စွမ်းအပေါ် သက်ရောက်မှုရှိသည့် ကာလနှစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် ကိုဗစ်ကပ်ရောဂါ ပြန့်ပွားလာသည့် ကာလနှင့် စစ်အာဏာသိမ်းအပြီး အစပိုင်းလများ အတွင်း အဆိုပါ စုံစမ်းစစ်ဆေးခြင်းကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

## သီးခြား ရှင်းလင်းချက် ၁။ ။ မြန်မာနိုင်ငံ သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲရေး အကျိုးပြုရန်အတွက် EIA ၏ လုပ်ဆောင်မှုများ

EIA သည် မြန်မာနိုင်ငံတွင် တရားမဝင် သစ်ကုန်သွယ်မှု ပပျောက်ရေးအတွက် ဆယ်နှစ်ကျော်ကြာ လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့ဖြစ်ပါသည်။ ၎င်း၏ လုပ်ဆောင်မှုများထဲတွင် မြန်မာနိုင်ငံ၏ တရားမဝင်သစ်ခုတ်ခြင်းနှင့် ပတ်သက်သော အဓိကကျသည့် အစီအရင်ခံစာ နှစ်စောင်ကို ထုတ်ပြန်ခဲ့ခြင်းလည်း ပါဝင်၏။ ၎င်းတို့မှာ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော တမတ်ကာ တည်ဆောက်ထားသော ရှုပ်ထွေးမှု နှင့် ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်သော အစိုးရပိုင်းပါ အကျင့်ပျက် ခြစားမှုအခြေအနေ တို့ ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ တရားမဝင်သစ်များ အမေရိကန်နှင့် ဥရောပသမဂ္ဂသို့ တင်ပို့နေမှုများနှင့် EUTR ချမှတ်မှု၏ ဂယက်ရိုက်မှုများ အစရှိသည်တို့နှင့် ပတ်သက်၍ ၂၀၁၆ တွင် နောက်ကျနေသော လိုက်နာမှု နှင့် ၂၀၁၈ ခုနှစ်တွင် တနိုင်ငံ ဥပဒေနှစ်သွယ် ဖြစ်မှု ဆိုသော ညွှန်ပြ အကြံပြုလွှာများကိုလည်း ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၀ တွင် ဆိုလျှင်လည်း EIA သည် ကျွန်းသစ်ကုန်သည်များက EUTR စည်းမျဉ်း ဥပဒေကို လက်တလုံးခြား လှည့်လည်ကာ ဥရောပသမဂ္ဂအဖွဲ့ဝင် တနိုင်ငံဖြစ်သည့် ခရိုအေးရှားနိုင်ငံမှတဆင့် ဥရောပသမဂ္ဂအတွင်းသို့ မြန်မာ့ကျွန်းသစ်များ တင်သွင်းရန် ကြိုးစားမှုများကို စုံစမ်းစစ်ဆေးခဲ့၏။ အဆိုပါ စုံစမ်းစစ်ဆေးမှု အတွင်းတွင် မြန်မာနိုင်ငံမှ ကျွန်းသစ်တင်ပို့မှု အသုတ် အတော်များများသည် သက်ဆိုင်ရာ အခွန်ပေးဆောင်ထားခြင်း မရှိသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

EIA က ၎င်း၏ အစိုးရပိုင်းပါ အကျင့်ပျက် ခြစားမှုအခြေအနေ အစီအရင်ခံစာကို ဥရောပသမဂ္ဂ၏ သစ်တောရေးရာ တရားဥပဒေ စိုးမိုးရေး အဖွဲ့နဲ့ EUTR ကျွမ်းကျင်သူများ အစုအဖွဲ့တို့အား ၂၀၁၉ ဧပြီလတွင် တင်ပြခဲ့သည့်အခါတွင် အဆိုပါ အစုအဖွဲ့က မြန်မာ့ကျွန်းသစ်အပေါ်တွင်ထားသော ခံယူချက်ကို အရေးတယူပြု ပြောင်းလဲလိုက်ပြီး ထိုသို့ ခရိုအေးရှားမှတဆင့် တင်သွင်းလာမည့် မြန်မာ့ကျွန်းသစ်များကို ဥရောပသမဂ္ဂဈေးကွက်ပေါ်မတင်ရန် သက်ဆိုင်ရာ တင်သွင်းသူများအား ညွှန်ကြားချက် ထုတ်ပြန်ပေးခဲ့ပါသည်။ ထို့အပြင် EIA က ဥရောပသမဂ္ဂအတွင်းရှိ အရေးယူနိုင်သော အာဏာပိုင်အဖွဲ့များကို အရေးတယူပြုသင့်သော စိုးရိမ်စရာ အခြေအနေ အများအပြား တင်ပြခဲ့ရာတွင် ၎င်းအဖွဲ့များထဲမှ ကိုးဖွဲ့က သက်ဆိုင်ရာ ကုမ္ပဏီများကို အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လာခဲ့ပါသည်။ EIA အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများနှင့် ယူကေနိုင်ငံတို့မှ ထိရောက်သော ဆုံးဖြတ်ချက် ချနိုင်သူများအား မြန်မာလူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၏ တိုက်ရိုက် သက်သေခံချက်များကိုလည်း တင်ပြနိုင်ခဲ့ပါသည်။



© EIA

မေလ ၂၀၂၀ တွင် ကချင်ပြည်နယ် မြန်မာနိုင်ငံတွင် ဖမ်းဆီးခဲ့သော သစ်လုံးများ။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာစစ်တပ်သည် တရားမဝင်သစ်များ လေလံတင် ရောင်းချနေခဲ့ပြီး EIA က ၎င်းတို့နှင့် ပတ်သက်၍စောင့်ကြည့် နေပြီး အစီအရင်ခံစာလည်း ထုတ်ပြန်ခဲ့သည်။

အီတလီနိုင်ငံသည် ၂၀၁၃ ခုနှစ်မှစပြီး မြန်မာနိုင်ငံမှ သစ်တောထွက်ကုန်များကို ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများထဲမှ အများဆုံး တင်သွင်းနေသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ သစ်တင်ပို့မှု မှန်သမျှအား EUTR စည်းမျဉ်းအတိုင်း ကိုက်ညီအောင်လုပ်ဖို့ မဖြစ်နိုင်ဟူသော ဥရောပသမဂ္ဂမှ အရေးယူနိုင်သော အာဏာပိုင် အဖွဲ့များအကြား သဘောတူထားခဲ့သော ဘုံယူဆချက်ကို ၂၀၁၇ တွင် ပထမဆုံး စတင်ပြောဆိုလာသည့် အချိန်နောက်ပိုင်းတွင်မူ ထိုသို့ အီတလီ၏ ဈေးကွက်လွှမ်းမိုးမှုက ပိုတိုးလာခဲ့လေသည်။

နောက်ပိုင်းတွင်မူ ဘယ်လ်ဂျီယံနှင့် ဂျာမနီနိုင်ငံတို့မှ အာဏာပိုင်များသည် ထိုသို့ဖြစ်နေသည့် အခြေအနေရှိသည့်အတွက် ၎င်းတို့၏ သက်ဆိုင်ရာ သစ်တောကဏ္ဍအတွင်း သီခြား သတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး သစ်တော စည်းမျဉ်း ဥပဒေစိုးမိုးမှု ရှိစေရေး လုပ်ဆောင်မှုများကို ယူကေ၊ နယ်သာလန်၊ ဒိန်းမတ်၊ စပိန်နှင့် ဆွီဒင်နိုင်ငံတို့တွင်လည်း လုပ်ဆောင်ခဲ့ကြပါသည်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နယ်သာလန် ဒတ်ချ်အာဏာပိုင်များသည် ဆလိုဗီးနီးယားနှင့် ချက်ပြည်သူ့သမ္မတနိုင်ငံတို့မှ တဆင့် နယ်သာလန်ကို တင်သွင်းလာသော EIA ၏ ခန့်မှန်းချက်အရ အမေရိကန်ဒေါ်လာ သုံးသန်းဖိုးခန့် ရှိနိုင်သည့် မြန်မာ့ကျွန်းသစ်များနှင့် ပတ်သက်၍ နေရာ ခြောက်နေရာကို ဝင်ရောက်စီးနင်း ဖမ်းဆီးခဲ့၏။

## သီးခြား ရှင်းလင်းချက် ၂။ မြန်မာ့သစ်များနှင့် ပတ်သက်သော ဥရောပသမဂ္ဂ၏ ဘုံယူဆချက် ကောက်ယူရသည့် နောက်ခံ အကြောင်းအရင်း

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဥရောပသမဂ္ဂမှ အရေးယူနိုင်သော အာဏာပိုင်အဖွဲ့များသည် ၎င်းတို့ ၂၀၁၇ ခုနှစ်တွင် စတင်လက်ခံထားခဲ့ကြသည့် မြန်မာ့သစ်များဆိုင်ရာ ဘုံယူဆချက်အား အကျဉ်းချုံးဖော်ပြထားသည့် သတင်းထုတ်ပြန်ချက် တစောင်ကို ထုတ်ဝေဖြန့်ချီခဲ့ပါသည်။

ထိုကဲ့သို့ ဘုံယူဆချက် ကောက်ယူရသည့် အကြောင်းအရင်းထဲတွင် မြန်မာ့သစ်ကဏ္ဍကို စည်းကြပ်နေသော ဥပဒေစည်းမျဉ်းများကို သိရှိခွင့်မရခြင်း၊ မြန်မာ့သစ်များ ထုတ်လုပ်မှု လုပ်ငန်းစဉ် တလျှောက်တွင် အကျင့်ပျက် ခြစားမှု ပါဝင်နေနိုင်ခြေ များခြင်းနှင့် မြန်မာနိုင်ငံ၏ တရားမဝင်သစ်ခုတ်နှုန်းများ သည်လည်း အပါအဝင် ဖြစ်၏။


ဥပမာအားဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော သစ်များသည် နှစ်စဉ် သစ်ခုတ်နှုန်း (AAC) ဟု ခေါ်ဆိုသည့် ဥပဒေအရ တရားဝင် နှစ်စဉ် သစ်ခုတ်မှုနှင့် ရရှိသော ကုန်သွယ်မည့် သစ်ပမာဏအတွင်း ဘောင်ဝင်ကြောင်း အသေအချာ မပြောနိုင်ပဲ ဖြစ်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထိုသို့ဖြစ်ရသည်နှင့် ပတ်သက်သော အကြောင်းအရင်းများစွာရှိပြီး မြန်မာအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့်ပင် ပြုလုပ်သော နှစ်စဉ် သစ်ခုတ်နှုန်းသည် အချို့နှစ်များတွင် ကနဦး သတ်မှတ်ထားသည့် နှစ်စဉ် သစ်ခုတ်နှုန်း (AAC) ထက် များနေသည် ဆိုသည့်အချက်လည်း အပါအဝင်ဖြစ်ပြီး ၎င်းကို ပုံဖော် အချက်အလက် ၁။ တွင် တွေ့မြင်နိုင်ပါသည်။ EIA က လတ်တလော နှစ်များအတွင်း မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂအတွင်းသို့ တင်သွင်းလာသည့် သစ်များနှင့်အတူ ပါလာသော စာရွက်စာတမ်းများကို လေ့လာရာတွင်၊ တွေ့ရှိရသော သစ်ခုတ်သည့် နှစ်အမျိုးမျိုးတို့သည် မြန်မာအာဏာပိုင်များက လျာထားချက်ထက် သစ်ပိုခုတ်သည့် နှစ်တခုခု ဖြစ်နေသည်က များသည်ကိုလည်း တွေ့ရှိခဲ့ရ၏။

မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနကလည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တစောင်တွင် "မြန်မာ့သစ်များ တရားဝင်မှုနှင့် ပတ်သက်သော စာရွက်စာတမ်းများသည် ၂၀၁၆-၁၇ မတိုင်ခင်က ဖြစ်နေသည် ဆိုလျှင် မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင် ခုတ်ခဲ့သည့် သစ်ဖြစ်ကြောင်း အရင်းအမြစ်ကို အစကောက်ရန် ခက်ခဲပါသည်" ဆိုသော အချက်ကို အလေးပေး ပြောဆိုခဲ့၏။ ထိုသို့ ပြောဆိုမှုကလည်း ဥရောပသမဂ္ဂအတွင်းသို့ သစ်တင်ပို့လိုသည့် ကုမ္ပဏီများက EUTR စည်းမျဉ်း လုပ်ငန်းစဉ် အဆင့်ဆင့် အတိုင်း လိုက်နာဆောင်ရွက်ဖို့ ကြိုးစားရာတွင် ကြုံတွေ့ရအောင် စိန်ခေါ်မှုများကို မီးမောင်းထိုးပြ နေပါသည်။

ဥရောပသမဂ္ဂအတွင်းသို့ သစ်တင်သွင်းသူများက ထိုသို့ လုပ်နာထားကြောင်းကို သက်သေပြသည့် စာရွက်စာတမ်းများကို EIA က သီးခြား လေ့လာရာတွင်လည်း အပြည့်အစုံမပါဝင်သည့်အပြင် မြန်မာလိုသာ ရေးထားသည့် စာရွက်စာတမ်းများလည်း ပါဝင်နေသော အတွဲလိုက် စာရွက်စာတမ်းများကို တွေ့ရခြင်း အပါအဝင် အခြား ဘုံအဖြစ် တွေ့ရသော ပြဿနာ အများအပြား ရှိနေသည်ကို တွေ့ရပါသည်။


မြန်မာ့သစ်တောဌာနသည် မြန်မာ့သစ်လုပ်ငန်းနှင့်တကွ ပုဂ္ဂလိက သစ်လုပ်ငန်းမှ ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းပြီး မြန်မာ့သစ်များ တရားဝင်ဖြစ်မှုကို အစကောက် အတည်ပြုရ လွယ်ကူစေသည့် စနစ်ကို အားကောင်းလာအောင် လုပ်ဆောင်နေခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် စစ်အာဏာသိမ်းမှု ဖြစ်ပွားသည့်အခါတွင် ထိုသို့ လုပ်ဆောင်နေမှုများ ရပ်တန့်သွားခဲ့၏။

ပုံဖော် အချက်အလက် ၁။ နှစ်စဉ် ခုတ်နှုန်း ကန့်သတ်ချက်နှင့် အမှန်တကယ် ခုတ်ခဲ့သော ကျွန်းသစ်များ



၂၀၂၀ ပြည့်နှစ်တွင် အီတလီနိုင်ငံသည် မြန်မာနိုင်ငံမှ ယူရိုငွေ ၂၄ သန်း (အမေရိကန်ဒေါ်လာ ၂၇.၄ သန်း) နီးပါး တန်ဖိုးရှိသော သစ်ထွက်ကုန် ပစ္စည်းများကို ဝယ်ယူတင်သွင်းခဲ့၏။ (ပုံဖော် အချက်အလက်၂။) ထို ပမာဏသည် ၄င်းနှစ်အတွက် မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂသို့ တင်ပို့သော သစ်ထွက်ကုန် စုစုပေါင်း၏ ၆၆ ရာခိုင်နှုန်း နီးပါးလည်း ဖြစ်ပါသည်။ မြန်မာ့သစ်နှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂ၏ ဘုံယူဆချက် ရှိထားပြီး ဖြစ်သော်လည်း သစ်ကုန်သည်များက မြန်မာ့သစ်များကို အီတလီနိုင်ငံမှတဆင့် ဆက်လက်တင်သွင်းနိုင်နေသေးပါသည်။

ပုံဖော် အချက်အလက် ၂။ ၂၀၁၁-၂၀ အတွင်း အီတလီတင်သွင်းခဲ့သော သစ်ပစ္စည်းများကို (ယူရိုငွေ သန်းဂဏန်းဖြင့် ဖော်ပြ) ယူကေ အပါအဝင် ဥရောပသမဂ္ဂနိုင်ငံများက တင်သွင်းခဲ့သော ပမာဏနှင့် နှိုင်းယှဉ်ချက်။ အသေးစိတ်အတွက် နောက်ဆက်တွဲအား ကြည့်ပါ။








© Myanmar Forest Certification Committee (MFCC)

၂၀၂၀ ဇန်နဝါရီလတွင် ဥရောပသမဂ္ဂနိုင်ငံများမှ အများစု ကုန်သည်အများစု ပါဝင်သော မြန်မာနိုင်ငံကို နိုင်ငံခြား သစ်ကုန်သည်များ လာရောက်မှု။ အဆိုပါ သစ်ကုန်သည်အများစုသည် မြန်မာကျွန်းသစ်များကို EUTR နှင့်အညီ တင်သွင်းရန် မဖြစ်နိုင်ဟု ဘုံယူဆချက် ရှိပါလျက်နှင့် ဥရောပသမဂ္ဂအတွင်းသို့ ဆက်လက်တင်သွင်းနေကြသည်။

Source of photos: [https://myanmarforestcertification.org/field-visit-to-gangaw-extraction-agency/](https://myanmarforestcertification.org/field-visit-to-gangaw-extraction-agency/)
© Myanmar Forest Certification Committee (MFCC)

# သစ်ကုန်သည်များ

အီတလီနိုင်ငံ စိုက်ပျိုးရေး၊ အစားအသောက်နှင့် သစ်တောမူဝါဒရေးရာ ဝန်ကြီးဌာန (MiPAAF) အား လွတ်လပ်စွာ သိရှိခွင့်အရ အချက်အလက် တောင်းခံခဲ့ရာတွင် မြန်မာနိုင်ငံထံမှ တင်သွင်းထားသည့် ကျွန်းသစ်နှင့် ပတ်သက်သော အချက်အလက်များကို ရရှိခဲ့ပြီး အဆိုပါ အချက်အလက်အတွက် သင်္ကေတ နံပါတ် HS 4407299500 သီးသန့် သတ်မှတ်ထားသည်ကို တွေ့ရ၏။

အဆိုပါ အချက်အလက်များတွင် မြန်မာနိုင်ငံမှ သစ်များကို အီတလီသို့ တင်သွင်းနေသူများ၏ အမည်များလည်း ပါဝင်ပြီး ၂၀၁၈ ဇန်နဝါရီလ ၂ ရက်နေ့မှ စပြီး ၂၀၂၀ အောက်တိုဘာ ၃၀ ရက်နေ့ အတောအတွင်း တင်ပို့ခဲ့သော တင်ပို့မှု အသုတ် ၆၁၈ သုတ်နှင့် သက်ဆိုင်သော အချက်အလက်များ ဖြစ်ပါသည်။ အဆိုပါ အသုတ်လိုက် တင်ပို့မှုများသည် အီတလီထံသို့ လီဖော်နို၊ ထရီးအက်စတေနှင့် ဗင်းနစ်မြို့ဆိပ်ကမ်းများမှ အများစု ဝင်ရောက်လာခြင်းလည်း ဖြစ်ပါသည်။

အဆိုပါ တင်ပို့မှု အသုတ်များ၏ စုစုပေါင်း သစ်တန် အလေးချိန်မှာ ၁၂,၀၀၀ ရှိပြီး တန်ဖိုးအားဖြင့် ယူရိုငွေ သန်း ၆၀ ကျော် (အကြမ်းဖျင်း အမေရိကန်ဒေါ်လာ သန်း ၇၀) ဖြစ်၏။ အဆိုပါ ကာလအတွင်း အများဆုံး တင်သွင်းခဲ့သော သစ်ကုန်သည် ကုမ္ပဏီ ၁၂ ခုကို ဇယား အမှတ် ၁။ တွင် တွေ့ရမည် ဖြစ်ပြီး ထိပ်ဆုံး Timberlux နှင့် Sangiorgi Legnami ကုမ္ပဏီ နှစ်ခုကပင် အားလုံးစုစုပေါင်း၏ တဝက်ကျော်မျှ ရှိသော ကျွန်းသစ်များ တင်သွင်းခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။

.

ဇယား ၁။

၂၊ ၀၁၊ ၂၀၁၈ မှ ၃၀၊ ၁၀၊ ၂၀၂၀ အတွင်း မြန်မာနိုင်ငံမှ အီတလီသို့ မြန်မာ့သစ်များ ဆက်လက်တင်သွင်းနေခဲ့သော အီတလီကုမ္ပဏီ တဒါဇင်

| Company | Gross weight (kg) | Total value € |
|---|---|---|
| Timberlux SRL | 3,964,002 | 17,600,316 |
| Sangiorgi Legnami Spa | 2,809,060 | 14,179,526 |
| GTH Italia SRL | 1,430,895 | 8,918,469 |
| TWB Solutions SRL | 1,282,185 | 8,053,264 |
| Basso Legnami SRL | 880,150 | 4,032,467 |
| Comilegno SRL | 349,192 | 2,237,585 |
| Miura SRL | 373,791 | 1,876,449 |
| International Wood SRL | 213,460 | 1,141,928 |
| Bellotti Spa | 158,038 | 757,456 |
| CF SRL[1] | 82,471 | 680,931 |
| F.LLI Budai SRL | 55,775 | 275,062 |
| Sforzi Teak SRL | 19,062 | 262,902 |

အဆိုပါ ကုမ္ပဏီများထဲမှ အများစုသည် မြန်မာ့ကျွန်းသစ်ကို တောက်လျှောက် တင်သွင်းနေခဲ့မှုနှင့် EUTR စည်းမျဉ်း ထိပါးမှုများကြောင့် EIA က ယခင်ကတည်းက စောင့်ကြည့်နေပြီးသား ဖြစ်ပါသည်။

- Timberlux SRL ကုမ္ပဏီ ဆိုလျှင် တရားမဝင် မြန်မာ့ကျွန်းသစ် ကုန်သွယ်မှုနှင့် အကျင့်ပျက် ခြစားမှုတို့နှင့် စပ်လျဉ်း၍ EIA က အထူးသတိထား စောင့်ကြည့်လာသော ကုမ္ပဏီဖြစ်ပြီး အခြား ရှယ်ယာဆက်စပ်မှုရှိသော ကျွန်းသစ်ကုန်သွယ်သည့် ကုမ္ပဏီခွဲများလည်း ရှိနေရာ Timberlux (မလေးရှား) နှင့် Yeo Long International SRL (အီတလီ) တို့သည်လည်း အပါအဝင် ဖြစ်သည်။
- Comilegno ကုမ္ပဏီ ဆိုလျှင်လည်း ၎င်းကို မြန်မာနိုင်ငံမှ သစ်ပေးပို့သူများ ကျူးလွန်နေနိုင်သော အခွန်ရှောင်မှုများကြောင့် EIA က စောင့်ကြည့်နေခဲ့သော ကုမ္ပဏီ ဖြစ်ပါသည်။
- Basso Legnami၊ Belotti Spa နှင့် Timberlux တို့သည် EUTR စည်းမျဉ်း ဥပဒေကို လက်တလုံးခြား လုပ်ကာ အီတလီဈေးကွက်အတွင်းသို့ မြန်မာ့ကျွန်းသစ်များ တင်ပို့ရောင်းချနေသော ကုမ္ပဏီများ ဖြစ်ကြ၏။
- GTH Italia နှင့် ဆက်စပ်နေသော ရွှေကျွန်းသစ် ဦးပိုင် ကုမ္ပဏီ ဆိုလျှင် EUTR စည်းမျဉ်း ဥပဒေကို လက်တလုံခြား ချိုးဖောက်ပြီး နယ်သာလန် ဈေးကွက်အတွင်းသို့လည်း မြန်မာ့ကျွန်းသစ်များ တင်ပို့ရောင်းချနေခဲ့၏။

[1] Also known as CF Wood SRL

ထပ်မံ သိရှိထားပြီးသား အချက်များကို ဆိုရလျှင် အဆိုပါ ကုမ္ပဏီ အများအပြားကို ၂၀၀၇ တွင် အီတလီ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အစိုးရမဟုတ်သည့် လူမှု အဖွဲ့အစည်းများနှင့် အီတလီ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် (CISL) တို့က ထိုအချိန်ကာလက မြန်မာနိုင်ငံကို အုပ်စိုးနေသော စစ်အစိုးရနှင့် ကုန်သွယ်နေခြင်းအတွက် ဝေဖန်ခဲ့ကြ၏။ ထိုသို့ ဝေဖန်ခံရသည့် အထဲတွင် Belotti၊ Comilegno၊ F.LLI Budai SRL နှင့် Sangiorgi Leganami ကုမ္ပဏီတို့လည်း အပါအဝင် ဖြစ်သည်။

## မြန်မာ့ကျွန်းသစ်အား အသုံးပြုကြပုံ အမျိုးမျိုးနှင့် ဝယ်ယူကြသူများ အကြောင်း

MiPAAF က EIA အား ပေးပို့သော ကျွန်းသစ်တင်သွင်းမှုဆိုင်ရာ အချက်အလက်များအရ အီတလီသို့ဝင်ရောက်လာသော ကျွန်းသစ်အများစုသည် ဇိမ်ခံရွက်လှေ ဆောက်လုပ်သည့် လုပ်ငန်းသို့ ရောက်ရှိသွားကြသည်ဟု EIA က ယူဆပါသည်။ (သီးခြား ရှင်းလင်းချက် ၃။ တွင်ကြည့်) ထိုအချက်မှာ EIA ၏ စုံစမ်းစစ်ဆေးသူများက အီတလီ သစ်ကုန်သည် အတော်များများနှင့် ဆွေးနွေးချက်များအရ ပေါ်လွင်နေပြီး အထူးသဖြင့် အဆိုပါ ဇိမ်ခံရွက်လှေများ၏ ကုန်းပတ်များကို ဆောက်လုပ်ရာတွင် သဘာဝကျွန်းသစ်အသုံးပြုခြင်းက ပိုမိုကောင်းမွန်သည့်အတွက် မြန်မာနိုင်ငံမှလာသည့် ကျွန်းသစ်များရဖို့ အရေးကြီးသည်ဟု အဆိုပါ ကုန်သည်တို့က ပြောဆိုကြပါသည်။


## သီးခြား ရှင်းလင်းချက် ၃။ မြန်မာ့ကျွန်းသစ်နှင့် ဇိမ်ခံ ရွက်လှေ လုပ်ငန်း ဆက်စပ်မှု

မြန်မာနိုင်ငံမှ ကျွန်းသစ်များကို တင်သွင်းနေသည့် အဓိက ကုမ္ပဏီများထဲမှ တခုဖြစ်သည့် Sangirogi Legnami ၏ ပြောဆိုချက်အရ သဘာဝကျွန်းသစ်များကို "လှေငယ်တည်ဆောက်မှုမှ အစ သင်္ဘောကုန်းပတ်နှင့် အခန်းဖွဲ့မှု အဆုံး သင်္ဘောတည်ဆောက်မှုလုပ်ငန်းများတွင် အမျိုးမျိုး အဖုံဖုံ အသုံးပြုကြသည်။ ကျွန်းသစ်ကို အဖိုးတန် အနုစိတ် ပရိဘောဂများ၊ အပေါ်ယံ ကုန်းပတ်ပိုင်း အသုံးပြုမှုများ၊ ပါကေးကြမ်းခင်းများ၊ ကြိတ်သားသုံး အခင်းများနှင့် အပေါ်ယံတွင် အလှကပ်သော သစ်ပါးလွှာများ ပြုလုပ်ရာတွင် အသုံးပြု၏။"

မြန်မာ့သဘာဝသစ်တောများမှ အီတလီသို့ ရောက်လာသော ကျွန်းသစ်အများစုသည် ရွက်လှ တစင်းလျှင် အမေရိကန်ဒေါ်လာ သန်းရာချီသည်အထိ အများဆုံး တန်ဖိုးကြီးနိုင်သော ဇိမ်ခံရွက်လှေ တည်ဆောက်မှု လုပ်ငန်းအတွက် ရောက်ရှိလာခြင်း ဖြစ်လေသည်။ ပုံစံချ စိုက်ပျိုးသည့် ကျွန်းသစ်ထက် သဘာဝအလျောက် ပေါက်ရောက်ထားသော ကျွန်းသစ်က ပို၍ အရေးပါပုံကိုလည်း ECD Import ၏ ကိုယ်စားလှယ်တဦးက "မဟုတ်သေးဘူးဗျ (ရယ်လျက်)၊ ခင်ဗျား နောက်နေတာလား၊ ပုံစံ စိုက်ထားတဲ့ ကျွန်းသစ်တွေကို ပင်လယ်ကူး ခရီးသွား သင်္ဘောကြီးတွေ ဆောက်တဲ့နေရာမှာတောင် သုံးလို့မရဘူးဗျ" ဟု ပြောဆိုခဲ့ပါသည်။ အကြောင်းပြချက်မှာ သဘာဝကျွန်းသစ်သည် ခိုင်ခံ့မှု အားဖြင့်ရော အမြင်အားဖြင့်ပါ ပိုမို တင့်တယ်သောကြောင့်ဟု ဆို၏။

Ferreti Group ကုမ္ပဏီ အပါအဝင် အဆိုပါ အီတလီသစ်ကုမ္ပဏီ အများအပြားတို့က "အကောင်းဆုံး အရည်အသွေးမီ မြန်မာ့ကျွန်းသစ်များ အသုံးပြုပါသည်" ဟူသော အချက်ကို အသားပေးပြောဆိုကြသည်။ ၂၀၁၉ ခုနှစ် စာရင်းဇယားများအရ Ferreti Group ကုမ္ပဏီသည် ဝင်ငွေ ယူရို သန်း ၆၅၀ နီးပါး ရရှိခဲ့ပြီး ၂၀၂၀ တွင်း ထိုကုမ္ပဏီက ၎င်း၏ ရေရှည်အလားအလာ အရေးပေးခြင်းဆိုင်ရာ ပထမဆုံး အစီအရင်ခံစာ ထုတ်ပြန်ခဲ့ရာတွင် ၎င်းတို့၏ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အလေးပေးပုံကို ရှေ့တန်းတင် ပြောဆိုထား၏။ Comilegno ၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားချက်အရ ဆိုလျှင်လည်း ၎င်းတို့၏ ကျွန်းသစ်များကို မည်သည့်နေရာတွင် အသုံးပြုသည်ကို ဥပမာပြထားရာတွင် ၂၀၂၀ တွင် ရေချခဲ့သော မီတာ သုံးဆယ် အရှည်ရှိသော Morgana ဇိမ်ခံရွက်လှေကြီးတွင်လည်း ၎င်းတို့၏ ကျွန်းသစ်များ အသုံးပြုထားသည်ဟု ဆို၏။

လတ်တလောနှစ်များတွင်မှ မြန်မာနိုင်ငံမှလာသော ကျွန်းသစ်များ အသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်စေသည့်အတွက် မြန်မာ့ကျွန်းသစ်များ အသုံးပြုခြင်းမှ ရှောင်ကြဉ်လာကြသည်။




၂၀၂၀ အောက်တိုဘာတွင် ရေချခဲ့သည့် မောဂါးနား ဇိမ်ခံရွက်လှေအတွက် Comilegno က သစ်ရောင်းချခဲ့ပြီး ထိုလှေတွင် ကျွန်းသစ်များလည်း အသုံးပြုထားသည်။

(Original photo comes from: https://www.comilegno.com/en/references /)






© EIA

ဗီရာ ရက်ဂျီယိုနှင့် လီဗော်နို မြို့ရှိ Benetti ၏ ရွက်လှေ ဆောက်လုပ်ရေး အဆောက်အအုံများ။ Benetti SPA သည် Azimat Benetti ကုမ္ပဏီများ အုပ်စု၏ အစိတ်အပိုင်းဖြစ်ပြီး ၁၈၇၃ တွင် ထူထောင်ခဲ့သော ကုမ္ပဏီ ဖြစ်သည်။ အဆိုပါ ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဇိမ်ခံရွက်လှေ ဆောက်သည့် ကုမ္ပဏီလည်း ဖြစ်၏။ Yeo Long International SRL သည် Benetti အား ဝယ်သူအဖြစ် စာရင်းသွင်းထားသော ကုမ္ပဏီဖြစ်ပြီး Timberlux အုပ်စု ကုမ္ပဏီများ၏ အစိတ်အပိုင်းလည်း ဖြစ်သည်။

## တရားဝင်မှုဆိုင်ရာ မရှင်းမလင်း ပြောဆိုမှုများ

EIA ၏ သိုသိပ်စွာ ပြုလုပ်သော စုံစမ်းစစ်ဆေးသူများက CF Wood၊ Comilegno နှင့် Sangiorgi Legnami ကုမ္ပဏီတို့ကို ၎င်းတို့၏ ကျွန်းသစ်များသည် မည်သို့ EUTR စည်းမျဉ်းအတိုင်း အဆင့်ဆင့်လိုက်နာထားပြီး၊ မည်သို့ တရားဝင်ကြောင်းကိုလည်း မေးမြန်းခဲ့ပါသည်။

အဆင့်ဆင့် သိုလှောင်သယ်ယူလာမှုနှင့် စည်းမျဉ်း အဆင့်ဆင့် လိုက်နာမှုနှင့် ပတ်သက်ပြီး ECD Import က တုံ့ပြန်ရာတွင် “ဒါတွေ မလိုက်နာပဲ နေလို့ မရပါဘူး။ မလိုက်နာထားရင် သယ်လာတဲ့ ကွန်တိန်နာထဲက ထုတ်ခွင့်တောင် ရမှာမဟုတ်ပါဘူး” ဟု ဆို၏။

အထက်ပါ အီတလီ သစ်ကုမ္ပဏီ အများစုသည် ၎င်းတို့၏ ဝက်ဘ်ဆိုဒ်များတွင် EUTR အား လိုက်နာထားကြောင်းကို အသားပေး ပြောဆိုထားကြ၏။ ဥပမာအားဖြင့် GTH Italia ဝက်ဘ်ဆိုဒ်တွင် ၎င်းတို့ တင်သွင်းလာသော ကျွန်းသစ်များသည် “EUTR စည်းမျဉ်း အမှတ် ၉၉၅/၂၀၁၀ အရ သစ်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုအတွက် မဖြစ်မနေ လိုအပ်သော အဆင့်ဆင့် လိုက်နာရမည့် စည်းကမ်းအတိုင်း သစ်တင်ပို့လာခဲ့သော လမ်းကြောင်းအား အစအဆုံး စစ်ဆေး အတည်ပြုနိုင်ဖို့ အာမခံပါသည်” ဟု ဖော်ပြထားပါသည်။ GTH Italia ၏ ပြောဆိုမှုသည် CF Wood ၏ ပြောဆိုချက်နှင့်မူ သိသိသာသာ ခြားနားနေ၏။

CF Wood က ၎င်းတို့သည် EUTR စည်းမျဉ်းများနှင့်အညီ အပြည့်အဝ လိုက်နာပါသည်ဟု အစပိုင်းတွင် EIA ၏ သိုသိပ်စွာ ပြုလုပ်သော စုံစမ်းစစ်ဆေးသူများကို ပြောဆိုခဲ့၏။ နောက်ပိုင်း ထပ်မံ ဆွေးနွေးချက်များတွင်မူ သစ်တင်ပို့လာခဲ့သော လမ်းကြောင်းတိုင်းအား အစအဆုံး စစ်ဆေးအတည်ပြုရန် မဖြစ်နိုင်သည့်အတွက် EUTR အတိုင်း လိုက်နာဖို့ မဖြစ်နိုင်ကြောင်း ဝန်ခံလိုက်သလို ဖြစ်နေပါသည်။ ၎င်းအနေဖြင့် “ဘော့စနီးယား၊ ပိုလန် အစရှိတဲ့ နေရာတွေမှာ မြေပိုင်သူ၊ သစ်ခုတ်သူနဲ့ ဘယ်သစ်တွေကို ဘယ်မှာသုံးတယ် စတာတွေကို သိနိုင်ပေမယ့် မြန်မာနဲ့ အာဖရိက က လာတဲ့ သစ်တွေကိုတော့ ဒီလို အတည်ပြုဖို့ မဖြစ်နိုင်ပါဘူး” ဟု EIA ၏ စုံစမ်းစစ်ဆေးသူများအား ပြောဆိုခဲ့ပါသည်။

ထို့အပြင် “ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့က သစ်တောတွေ၊ သစ်တုံးတွေ ဘယ်ကနေ ယူတာလဲ ဆိုတာကို ပေးမကြည့်ပါဘူး။ သစ်ခွဲစက်ကိုပဲ သွားကြည့်လို့ ရတာပါ။ ဒါပေမယ့် အဲဒီ သစ်စက်တွေကတော့ သူတို့ အချောကိုင်တဲ့ သစ်လုံးတွေ ဘယ်က ဝယ်ထားပါတယ် ဆိုတာ ဘယ်လို အာမခံပေးမလဲဗျ၊ ကျွန်တော်တို့ဘက်ကပဲ အာမခံပေးရမှာလား” ဟုလည်း ထပ်မံ ဖြည့်စွက် ပြောကြားထားခဲ့ပါသည်။

CF Wood သည် အဆင့်ဆင့် လိုက်နာရမည့် စည်းကမ်းအရ လိုအပ်သည့် စာရွက်စာတမ်းများ စစ်မှန်မှု ရှိမရှိ ဆိုသည့် စိန်ခေါ်မှု ပြဿနာကိုလည်း အသိအမှတ်ပြုပြီး "ဥရောပသမဂ္ဂ စည်းမျဉ်းများတွင် အစိုးရပိုင်ဖြစ်သော မြန်မာ့သစ်လုပ်ငန်းက ထုတ်ပေးသော စာရွက်စာတမ်းများအား ဘောင်မဝင်သော အတုများအဖြစ် ညွှန်းဆိုထားသည်" ကိုလည်း CF Wood က အသိအမှတ်ပြုခဲ့၏။

EIA ၏ စုံစမ်းစစ်ဆေးသူများကို Stemau နှင့် CP Parquet တို့က ပြောကြားချက်များတွင် ၎င်းတို့ ရောင်းချနေသော မြန်မာ့ကျွန်းသစ်များသည် FSC စစ်ဆေး အတည်ပြုပြီးသား ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ နောက်ထပ် ကုမ္ပဏီတခု ဖြစ်သော Nord Compensati SRL က ဆိုလျှင်လည်း ၎င်းတို့၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသော ကျွန်းသစ်များသည် FSC စစ်ဆေး အတည်ပြုပြီးသား ဖြစ်သည်ဟူသော သဘောမျိုး ပြောဆိုခဲ့ပါသည်။ သို့ရာတွင် FSC (သို့မဟုတ် PEFC) တို့သည် မြန်မာနိုင်ငံမှလာသည့် မည်သည့် သစ်တင်ပို့မှုကိုမျှ စစ်ဆေး အတည်ပြုမှု မရှိသောကြောင့် အဆိုပါ ကုမ္ပဏီများ၏ ပြောဆိုချက်များက ဖြစ်နိုင်ခြေ မရှိသည်မှာ ထင်ရှားပါသည်။

## အီတလီမှ ဥရောပတခွင်သို့ ဆက်လက် တင်ပို့မှု

EIA သည် အဆိုပါ အီတလီရောက် မြန်မာ့ကျွန်းသစ်များသည် အခြား ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့လည်း ရောက်ရှိသွားခြင်း ရှိမရှိ စိတ်ဝင်တစား သိရှိလိုခဲ့ပါသည်။ CF Wood နှင့် Nord Compensati SRL တို့ကလည်း သူတို့အနေဖြင့် ပြင်သစ်နှင့် ဂျာမနီနိုင်ငံများသို့ တင်ပို့၍ ရကြောင်း ပြောဆိုခဲ့ပြီး CF Wood ဆိုလျှင် ၎င်းတို့သည် ဂျာမနီနိုင်ငံရှိ Lürssen သင်္ဘောကျင်းသို့ ကျွန်းသစ်များ ပေးသွင်းရောင်းချဖူးသည့် ဥပမာရှိခဲ့ကြောင်း ပြောဆိုခဲ့ကြပါသည်။

MiPAAF ထံမှ ရရှိသော အချက်အလက်များကို လေ့လာချက်အရ ဆိုလျှင်လည်း မြန်မာနိုင်ငံမှ အီတလီသို့ ရောက်ရှိလာသော သစ်တင်ပို့မှု အနည်းဆုံး အသုတ် ၈၀ တို့သည် အခြား ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ ဆက်လက်ရောက်ရှိသွားသည်ကို တွေ့ရပါသည်။

- အဆိုပါ ရောက်ရှိသွားသည့်အထဲမှ သစ်တင်ပို့မှု ၅ ခုသည် ဩစတြီးယားရှိ JUA Frischeis GMBH နှင့် ဆလိုဗေးနီးယားရှိ CMG International DOO ကုမ္ပဏီများသို့ ရောက်ရှိသွားကြ၏။
- TWB မှ တင်သွင်းသော သစ်တင်ပို့မှု ၉၄ သုတ်အနက် ၂၈ သုတ်သည် အခြား ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ရောက်ရှိသွားပြီး ၁၂ သုတ်က ဘယ်လ်ဂျီယံ၊ ၇ သုတ်က ဂျာမနီ၊ ၅ သုတ်က နယ်သာလန်နှင့် ချက်၊ ပြင်သစ်၊ ပိုလန်နှင့် စပိန်နိုင်ငံများသို့ တသုတ်စီ ရောက်ရှိသွားကြသည်။
- Timberlux က တင်သွင်းသော သစ်တင်ပို့မှု ၁၀၇ သုတ် အနက် ၂၂ သုတ် သည်လည်း အလားတူ မတူညီသော နိုင်ငံများသို့ ရောက်ရှိသွားကြပြီး ၁၆ သုတ်က ဂျာမနီ၊ ၅ သုတ်က ဒိန်းမတ်နှင့် (ဒိန်းမတ်နိုင်ငံသည် ၂၀၁၇ ခုနှစ် မတ်လတွင် ၎င်း၏ သစ်ကဏ္ဍ တခုလုံးအား မြန်မာနိုင်ငံမှ ကျွန်းသစ်များ မတင်သွင်းကြရန် အမိန့်ထုတ်ပြန်ထား၏။) တသုတ်က ဘယ်လ်ဂျီယံ သို့ ရောက်ရှိသွားကြ၏။



© Dutch Police
https://www.politie.nl/en/news/2019/december/3/03-investigation-into-tainted-timber.html

၂၀၁၉ နိုဝင်ဘာလတွင် ဒတ်ချ်အာဏာပိုင်များက ဖမ်းဆီးခဲ့သော ကျွန်းသစ်များ။ အဆိုပါ ကျွန်းသစ်များကို မြန်မာနိုင်ငံမှ နယ်သာလန်နိုင်ငံကို ဆလိုဗီးနီးယားနှင့် ခရိုအေးရှားနိုင်ငံတို့မှ တဆင့် တင်သွင်းလာခြင်းဖြစ်ပြီး EUTR စည်းမျဉ်း ရှောင်ကွင်းခြင်းကို တားဆီးရန်အတွက် ဥရောပသမဂ္ဂရှိ အရေးယူနိုင်သော အာဏာရှိ အဖွဲ့အစည်းများက ပိုမိုလုပ်ဆောင်လာကြသည်။

အီတလီ ကုန်သွယ်ရေး အစည်းအရုံးထံမှ ရရှိသော ကုမ္ပဏီ မှတ်တမ်းများကို လေ့လာချက်အရ မြန်မာနိုင်ငံထံမှ ကျွန်းသစ်တင်သွင်းနေပြီး ယူရိုငွေ သန်းနှင့်ချီသော ဝင်ငွေရနေသည့် အီတလီကုမ္ပဏီ အများအပြားရှိရာတွင် အဆိုပါ ကုမ္ပဏီ တခုစီအတွင်း ဝန်ထမ်း တယောက်၊ နှစ်ယောက်သာ ရှိကြသည်ကို တွေ့ရ၏။ ဥပမာ ဆိုရလျှင် -

- GTH Italia သည် ၂၀၂၀ တွင် ဝင်ငွေ ယူရို ၃.၇ သန်းကျော်ဖိုး ရောင်းရငွေ ရှိနေသော်လည်း တနှစ်လျှင် ယူရိုငွေ ၇၄၉၁ သာ ပေးထားသည့် ဝန်ထမ်းတဦးသာ ရှိသည်ကို တွေ့ရ၏။ ၎င်း၏ ဖက်စပ် ကုမ္ပဏီတခုဖြစ်သော Gold Teak Holding ကုမ္ပဏီဆိုလျှင် နယ်သာလန်နိုင်ငံသို့ မြန်မာ့ကျွန်းသစ်များ တိုက်ရိုက်တင်ပို့ နေခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဒတ်ချ် အရေးယူခွင့် အာဏာရှိသော အာဏာပိုင်များက အရေးယူမှုကြောင့် ရပ်တန့်ထားခဲ့၏။ GTH Italia ကုမ္ပဏီသည် အီတလီတွင် ၂၀၁၈ ခုနှစ်ကမှ ထူထောင်လိုက်သော ကုမ္ပဏီ ဖြစ်နေသည်ကိုလည်း တွေ့ရသည်။

- Timberlux ကုမ္ပဏီဆိုလျှင် ၄င်းတို့ နောက်ဆုံးထုတ်ပြန်ထားသော ၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အစီအရင်ခံစာအရ ရောင်းရငွေ ယူရို ၉.၅ သန်းကျော် ရှိနေသော်လည်း ဝန်ထမ်းလစာ ကုန်ကျစရိတ် မရှိပဲ ဖြစ်နေသည်ကို တွေ့ရ၏။ မတ်လ ၂၀၂၁ အထိ သိရသလောက် အဆိုပါကုမ္ပဏီ၏ စာရင်းသွင်းမှုအရဆိုလျှင်တော့ ဝန်ထမ်း တဦးရှိသည်ဟု ဖော်ပြထားပါသည်။
- TWB Solutions ကုမ္ပဏီ ဆိုလျှင်လည်း ၂၀၂၀ တွင် ရောင်းရငွေ ယူရို ၄.၅ သန်းရှိသည်ကို တွေ့ရပြီး ဝန်ထမ်းကမူ ၂ ဦးသာ ရှိသည်ကို ဒီဇင်ဘာလ ၂၀၂၀ အထိ သိရသလောက် စာရင်းသွင်းထားသည်ကို တွေ့ရသည်။ ၂၀၂၀ နှစ်စပြီး စာရင်းသွင်းမှုအရ ဆိုလျှင် ဝန်ထမ်းရှိသည်ဟုပင် မဖော်ပြထားပဲ ထိုနှစ်အတွက် ဝန်ထမ်းစရိတ်ကိုတော့ ယူရို ၄၄၃၇၇ ရှိသည်ဟု စာရင်းသွင်းထား၏။

ထိုသို့ တွေ့ရှိချက်များအရ GTH Italia၊ Timberlux SRLနှင့် TWB Solutions တို့သည် ကုမ္ပဏီ အမည်ထံပြီး အီတလီပြည်တွင်းနှင့် ပြည်ပသို့ ပြန်လည်ရောင်းချရန် လမ်းကြောင်းဖော်ထားခြင်းသာ ဖြစ်သည်ဟု EIA က ယူဆပါသည်။ ယခင်ကတည်းကလည်း Viator Pula ဟူသော ခရိုအေးရှား ကုမ္ပဏီတခုသည်လည်း ၂၀၁၉ တွင် ခရိုအေးရှား ကူနာငွေ HRK ၃၂ သန်း (အကြမ်းဖျင်း ယူရို ၄.၃၅ သန်း) ကျော် ရောင်းရငွေ ဝင်ခဲ့သော်လည်း HRK ၂၀၉၇၀၀ (ယူရိုငွေ ၂၉၉၇၁) သာလျှင် ဝန်ထမ်းစရိတ် ရှိသည်ကို EIA က လေ့လာတွေ့ရှိခဲ့ဖူးပြီးသား ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် EIA ၏ စုံစမ်းစစ်ဆေးခဲ့မှုအရ Viator Pula ကုမ္ပဏီသည် မြန်မာ့ကျွန်းသစ် အမြောက်အများကို တင်သွင်းပြီး ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ နယ်သာလန်နှင့် အီတလီ အပါအဝင် အခြား ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများထံသို့ ချက်ချင်း ပြန်လည် ရောင်းချနေသည်ကို တွေ့ခဲ့ရ၏။

EIA က နောက်ထပ် သံသယရှိသည့်အချက်မှာ အခြား အီတလီသို့ ဝင်ရောက်လာသော သစ်တင်သွင်းမှု အသုတ်များသည်လည်း နောက်ထပ် ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများသို့ ပေးပို့ရန် ရည်စူး တင်သွင်းထားခြင်း ဖြစ်နိုင်သည် ဆိုသော အချက် ဖြစ်၏။ ၂၀၁၈ ဇန်နဝါရီလနှင့် ၂၀၁၉ ဇူလိုင်လ အကြား ကာလအတွင်း ကုမ္ပဏီ အများအပြားက အီတလီသို့ တင်သွင်းလာသော မြန်မာ့ကျွန်းသစ်များသည် အခြား ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများဆီသို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ကြောင်း အတိအလင်း ဖော်ပြထားခဲ့ကြ၏။ သို့ရာတွင် ၂၀၁၉ ခုနှစ် ပထမ နှစ်ဝက် ကာလအတွင်း အခြား ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက အရေးယူဆောင်ရွက်မှုများ ပိုလုပ်လာသည့် အခါတွင်မူ ချက်ချင်း ဆိုသလိုပင် အီတလီမှတဆင့် အခြား ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများသို့ ဆက်သွားမည်ဟု ကြေညာသော သစ်တင်ပို့မှု အသုတ်များ အတော်နည်းပါးသွားသည်ကို တွေ့ရပြီး ဝင်လာသော သစ်များသည် အီတလီကိုသာလျှင် ဦးတည်ရောက်ရှိလာခြင်းဖြစ်ကြောင်း ကုမ္ပဏီများက ကြေညာစာရင်းသွင်းကြ၏။ ထိုသို့ အရေးယူဆောင်ရွက်မှုများ ရှိလာသည်နှင့် ထိုကုမ္ပဏီများ၏ စီးပွားရေးလုပ်သည့် ပုံစံများ ပြောင်းလာသည်မှာ သိသာလှသည့် တိုက်ဆိုင်မှု ဖြစ်နေမည် ဖြစ်သည့်အတွက် မည်သို့ဖြစ်စေ အီတလီသည် မြန်မာ့ကျွန်းသစ်များ အခြား ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ဝယ်သူများထံ နောက်ဆုံး မရောက်ရှိမီတွင်  ဥရောပသမဂ္ဂအတွင်းသို့ စတင်ရောက်ရှိရာ ဝင်ပေါက် ဖြစ်နေနိုင်သေး၏။

အီတလီနိုင်ငံအပြင်ဘက်သို့ မြန်မာ့ကျွန်းသစ်များ ရောက်ရှိသွားမှုနှင့် ပတ်သက်၍ EIA သည် ဩစတြီးယားရှိ JUA Frischeis GMBH နှင့် ဆလိုဗေးနီးယားရှိ CMG International DOO ကုမ္ပဏီများတို့မှ လွဲ၍ အခြား မည်သည့် ကုမ္ပဏီများဆီသို့ ရောက်ရှိသွားသည်ကို အတည်ပြုနိုင်ခြင်း မရှိချေ။ သို့ရာတွင် Timberlux ကုမ္ပဏီက ဂျာမနီနိုင်ငံရှိ Alfred Neumann ကုမ္ပဏီသို့ သစ်များ တင်ပို့ ရောင်းချခဲ့ဖူးသည်ကိုတော့ EIA က သိရှိထား၏။

အီတလီကုမ္ပဏီများသည် မြန်မာ့ကျွန်းသစ်အား အခြားဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများရှိ ကုမ္ပဏီများကို တဆင့် ကုန်သွယ်ရောင်းချနေခြင်းသည် EUTR စည်းမျဉ်းဥပဒေ စိုးမိုးမှုအား လက်တလုံးခြား လုပ်နိုင်ရန် ကူညီအားပေး နေခြင်းပင် ဖြစ်သည်။ ၂၀၁၉ မတိုင်မီတွင် မြန်မာနိုင်ငံမှ ကျွန်းသစ်များကို ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့် ဂျာမနီနိုင်ငံ အပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက တိုက်ရိုက်ဝယ်ယူ တင်သွင်းမှုများ ရှိခဲ့၏။ အဆိုပါနိုင်ငံများရှိ သစ်ကုန်သည်များကို အထူးသတိပေးခြင်းနှင့် သိမ်းယူခြင်း အစရှိသည့် တိုးမြှင့်အရေးယူမှုများ ပြုလုပ်ခံလာရသည့်အခါတွင်မူ ထိုကုမ္ပဏီတို့က မြန်မာနိုင်ငံမှ ကျွန်းသစ် တိုက်ရိုက်တင်သွင်းမှုကို ရပ်ဆိုင်းလိုက်ကြ၏။

သို့ရာတွင် မြန်မာ့ကျွန်းသစ်များ အီတလီနိုင်ငံသို့ ဆက်လက်တင်သွင်းခွင့်ရနေပြီး ထိုမှတဆင့် အခြား ဥရောပသမဂ္ဂနိုင်ငံများသို့လည်း ရောက်ရှိနေခြင်းကြောင့် အီတလီတွင် EUTR စည်းမျဉ်း ဥပဒေ စိုးမိုးမှု မရှိခြင်းသည် ထိုစည်းမျဉ်းအား လက်တလုံခြားလုပ် ချိုးဖောက်ရန် အခွင့်အရေး ပေးနေသလို ဖြစ်နေပါသည်။

## သီးခြား ရှင်းလင်းချက် ၄။ ဥရောပသမဂ္ဂ ဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံ ရရှိနေသည့် F.LLI Budai SRL ကုမ္ပဏီက တဖက်တွင်လည်း ဥရောပသမဂ္ဂ၏ ရပ်တည်ချက်ကို လစ်လျူရှုနေမှု

MiPAAF မှ EIA အား ဝေမျှသည့် အချက်အလက်များအရ F.LLI Budai SRL ကုမ္ပဏီသည် ၂၀၁၈ ဇန်နဝါရီလမှ ၂၀၂၀ အောက်တိုဘာလအတွင်း မြန်မာ့ကျွန်းသစ်များကို ဧက ဒသမမြောက် အများဆုံး တင်ပို့နေသော ကုမ္ပဏီဖြစ်ပြီး ယူရိုငွေ ၂၇၅၀၀၀ တန်ဖိုးရှိသော သစ်များ တင်သွင်းခဲ့၏။ အဆိုပါ ကာလအတွင်းတွင်ပင် ထိုကုမ္ပဏီသည် ဥရောပသမဂ္ဂ ဒေသတွင်း ဖွံ့ဖြိုးရေး ရန်ပုံငွေက ထောက်ပံ့ထားသော စီမံကိန်းနှစ်ခုတွင် တစိတ်တပိုင်း ပါဝင်နေခဲ့ပြီး စုစုပေါင်း ယူရိုငွေ ၁ သန်းကျော် ရရှိခဲ့သော စီမံကိန်းများလည်း ဖြစ်ပါသည်။

အဆိုပါ စီမံကိန်းနှစ်ခုနှင့် ပတ်သက်ပြီး Budai ၏ အချက်အလက်များအရ ရွက်လှေ ကုန်းပတ် ခိုင်ခံ့မှုဆိုင်ရာ သုတေသန အပါအဝင် ရွက်လှေ ဆောက်လုပ်ခြင်း လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကူညီသော ရန်ပုံငွေ ဖြစ်သည်ဟု သိရ၏။ တဖက်တွင်မူ Budai ကုမ္ပဏီသည် ဇိမ်ခံ ရွက်လှေ ကုန်းပတ်များအတွက် အများဆုံး အသုံးပြုနေသည့် မြန်မာ့ကျွန်းသစ်ကို ဥရောပသမဂ္ဂ၏ ဘုံယူဆချက်အား လစ်လျူရှုပြီး ဆက်လက်တင်သွင်းနေရင်း တချိန်တည်းမှာပင် ဥရောပသမဂ္ဂမှ ရရှိသော ရန်ပုံငွေများ၏ အကျိုးခံစားနေသည်ကို တွေ့ရပါသည်။

F.LLI Budai SRL ၏ နောက်ဆုံးထုတ်ပြန်ထားသော ဘဏ္ဍာရေး အစီအရင်ခံစာ အရ ထိုကုမ္ပဏီ၏ ၂၀၁၉ ဝင်ငွေသည် ယူရိုငွေ ၈.၃ သန်းကျော် ရှိနေ၏။




(Am not sure if caption is needed, but just in case)

Copyright: Budai????

ဥရောပသမဂ္ဂ ကူငွေဖြင့် ပြုလုပ်သော စီမံကိန်းတခု၏ လိုဂို Quickshipfit

Source: https://www.budai.it/eng-progetti.html

## အီတလီသို့ သစ်တင်သွင်းရင်း ရှိနေနိုင်သည့် အခွန်ရှောင်မှု

EIA သည် အီတလီ သစ်ကုန်သည်များ အထူးသဖြင့် HF Italy နှင့် Comilegno တို့က မြန်မာ့ကျွန်းသစ်များကို ခရိုအေးရှားမှတဆင့် (ထိုကုမ္ပဏီနှစ်ခု တင်သွင်းခဲ့သော အချက်အလက် အသေးစိတ်အား နောက်ဆက်တွဲ မှတ်စု အမှတ်၂။တွင် ကြည့်ပါ။) အီတလီသို့ တင်သွင်းခဲ့သည်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေခဲ့၏။ အဆိုပါ စုံစမ်းစစ်ဆေးမှုတွင် ကျွန်းသစ်ကုန်သွယ်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဖြစ်နိုင်သော အခွန်ရှောင်မှုများကိုလည်း ထည့်သွင်းစုံစမ်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် EIA သည် Viator Pula က ခရိုအေးရှားနိုင်ငံအတွင်းသို့ မြန်မာ့ကျွန်းသစ်များ တင်သွင်းခဲ့သည့် အချက်အလက်များကို ကြည့်ရှုလေ့လာခွင့် ရခဲ့ရာ ရီအေခါ ဆိပ်ကမ်းမြို့သို့ အဆိုပါ ကျွန်းသစ်များ ရောက်ရှိလာပြီးသည့်အခါတွင် အများစုသည် ချက်ချင်းဆိုသလို အခြား ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများရှိ ဝယ်သူများထံသို့ ဆက်လက် ပေးပို့လိုက်သည်ကို တွေ့ရှိခဲ့ရ၏။

HF Italy က တင်သွင်းခဲ့သော အသုတ် နှစ်ခုတွင်မူ စိတ်ဝင်စားဖွယ်ကောင်းသည့် အကြောင်းအချက် များစွာရှိခဲ့ရာတွင် HS code အပြောင်းအလဲရှိသည့် အချက်သည်လည်း အပါအဝင်ဖြစ်ပြီး ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာစဉ်က ပို့ကုန် ကြေညာမှု စာရွက်စာတမ်းတွင် ၄၄၀၈ ဖြစ်သော်လည်း ရီအေခါ ဆိပ်ကမ်းတွင် မှတ်တမ်းတင်ခဲ့သော သွင်းကုန် ကြေညာမှု စာရွက်စာတမ်းဟု ဆိုနိုင်သည့် ကြီးကြပ်မှတ်တမ်းချုပ် (SAD) တွင်မူ ၄၄၀၇ ဖြစ်နေသည့် အချက်သည်လည်း အပါအဝင် ဖြစ်၏။

ထိုသို့ ပြောင်းလဲသွားမှုက အဘယ့်ကြောင့် အရေးပါသနည်း ဆိုသော် အထူးကုန်ပစ္စည်းဆိုင်ရာ အခွန်နှင့် မြန်မာ့အကောက်ခွန် စည်းကြပ်မှု အရ HS ၄၄၁၈၁၀ သည် တန်ဖိုးမြင့် ကုန်ချောပစ္စည်း (သစ် ပြတင်းပေါက်များနှင့် ပြင်သစ် ပြတင်းပေါက်ခေါ် နှစ်ဖက်ပွင့် တခါးနှင့် ဘောင်များ အစရှိသဖြင့်) အတွက်ဖြစ်ပြီး အဆိုပါ နံပါတ်ဖြင့် ပို့ကုန်ကို လက်ခံသူက HS ၄၄၀၇၂၉ ( ၆ မီလီမီတာ ထက် ထူသည့် ကုန်ချောအဖြစ် အချောမကိုင်ရသေးသော သစ်သား) ဖြင့် လက်ခံသူထက် အခွန်လျှော့ပေးရသောကြောင့် ဖြစ်သည်။

| | |
|---|---|
| No need to translate this box (text highlighted in grey)<br><br>See folder for screen shot of docs and powerpoint where I would suggest things are highlighted.<br><br>Docs: 1. HF Italy_Export declaration_HS code change, 2. HF Italy_SAD_HS code change | Viator Pula သွင်းကုန် ကြေညာမှု စာရွက်စာတမ်းဟု ဆိုနိုင်သည့် ကြီးကြပ်မှတ်တမ်းချုပ် (SAD) အဆိုပါ သစ်များကို HF Italy အတွက် ချက်ချင်းပေးပို့ခဲ့ပြီး အမှတ်အသားပြထားသော နေရာများသည် ရန်ကုန်တွင် မှတ်တမ်းတင်ခဲ့သော HS Code ၄၄၁၈ မှ ရီအေခါတွင် မှတ်တမ်းတင်သည့် အခါတွင် ၄၄၀၇ သို့ ပြောင်းသွားခဲ့သည်။ မြန်မာ့အကောက်ခွန်အရ ပထမ နံပါတ်အတွက် ပေးရသော အခွန်က ဒုတိယ နံပါတ်အတွက် ပေးရသော အခွန်ထက် နည်းသည်။ |

အဆိုပါ ရီအေခါ ဆိပ်ကမ်းသို့ပင် ရောက်ရှိလာသော Comilegno ကုမ္ပဏီ၏ ကျွန်းသစ် တင်သွင်းမှုတွင်လည်း အခြား အပြောင်းအလဲဖြစ်သွားမှုများကို တွေ့ရပြီး ရန်ကုန်ဆိပ်ကမ်းတွင် ပို့ကုန် မှတ်တမ်းတင်ခဲ့စဉ်က အမေရိကန်ဒေါ်လာ ၆၇၁၆၉ ရှိရာမှ ရီအေခါ ဆိပ်ကမ်းအရောက် သွင်းကုန်မှတ်တမ်းတွင် အမေရိကန်ဒေါ်လာ ၁၅၂၂၀၈ အဖြစ် တန်ဖိုးတက်သွားသည်ကို တွေ့ရပြီး တင်ပို့မှု သစ်အလေးချိန်မှာတော့ အပြောင်းအလဲမရှိခဲ့ချေ။

အခြား မြန်မာနိုင်ငံမှ သစ်တင်ပို့မှုများတွင် အလားတူ တန်ဖိုး တိုးမြှင့် စာရင်းသွင်းမှုများကိုလည်း တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံတွင် အခွန်လျှော့ပေးနိုင်ရန်အတွက် ပို့ကုန်လက်ခံသူက တန်ဖိုးပြောင်းလဲ စာရင်းသွင်းမှုများ ရှိနေသည်ဟု EIA က ယူဆပါသည်။

မြန်မာနိုင်ငံမှ တင်ပို့လိုက်သော ကုမ္ပဏီနှင့် ပို့မည့် လမ်းကြောင်းအတွင်း စင်္ကာပူအား ဝင်ရောက်ရာတွင် ပို့ကုန်အား ကြီးကြပ်ပေးသော ကုမ္ပဏီတို့သည် အများအားဖြင့် ပိုင်ရှင်တူနေကြသည်ကိုလည်း တွေ့ရှိရ၏။ Comilegno က မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းသည့် လမ်းကြောင်းအတွင်း ထိုသို့ ပိုင်ရှင်တူမှု ရှိနေသော ကုမ္ပဏီများမှာ မြန်မာဆန်စပါး ရောင်းဝယ်ရေး ကုမ္ပဏီ (MRT, Myanmar) နှင့် စင်္ကာပူတွင် အခြေစိုက်သော IPL PTE လီမိတက် ကုမ္ပဏီတို့ ဖြစ်သည်။ MRT နှင့် IPL ကုမ္ပဏီတို့သည် IGE ကုမ္ပဏီ အစုအဖွဲ့တွင် ပါဝင်သော ကုမ္ပဏီများ ဖြစ်ကြ၏။ MRT သည် IPL နှင့် တွဲဖက်လုပ်ကိုင်ရာတွင် အခွန်လျှော့ပေးရရေးအတွက် ပို့ကုန်တန်ဖိုးအား များစွာ လျှော့ပေါ့ထားလိမ့်မည်ဟု EIA က ယူဆပါသည်။ မြန်မာနိုင်ငံ၏ ဝင်ငွေခွန်သည် ၂၅ ရာခိုင်နှုန်းဖြစ်ပြီး စင်္ကာပူနိုင်ငံတွင်မူ ၁၇ ရာခိုင်နှုန်းအောက်သာ ပေးသွင်းရ၏။

| | |
|---|---|
| See folder for screen shot of docs and powerpoint where I would suggest things are highlighted.<br><br>Comilegno value changes (1. Comilegno_Export declaration_value change and 2. Comilegno_SAD_value change) | ဒီဇင်ဘာ ၂၀၁၉ တွင် Viator Pula က Comilegno အတွက် ခရိုအေးရှားမှတဆင့် တင်သွင်းခဲ့ခြင်း ဆိုင်ရာ စာရွက်စာတမ်းများ၊ အမှတ်အသားပြထားသော နေရာများသည် ရန်ကုန်မှ ထွက်လာသည့်အချိန် သစ်ဈေးနှုန်းနှင့် ရီအေခါတွင် ဆိုက်ရောက်သည့်အခါတွင် သစ်ဈေးနှုန်းတို့ ပြောင်းလဲသွားမှုကို ဖော်ပြနေ၏။ အဆိုပါ ပြောင်းလဲမှုနှင့်တကွ မြန်မာနှင့် စင်္ကာပူ ကုန်သည်များ ပိုင်ရှင် ထပ်တူဖြစ်နေမှုများ သစ်ပို့သည့် လမ်းကြောင်းအတွင်း ရှိနေခြင်းသည် စာရင်းလိမ်တင်ပြပြီး အခွန်ရှောင်ခြင်းကို ညွှန်းဆိုနေသော အချက်များ ဖြစ်သည်။ |

HF Italy ၏ တင်သွင်းမှုများတွင်လည်း ထိုသို့ ပိုင်ရှင်တူနေသည့် ကုမ္ပဏီများကို တွေ့ရပြီး အီတလီအာဏာပိုင်များ ပေးပို့သော သွင်းကုန် ကုန်သွယ်ရေး အချက်အလက်များအရ ပြဿနာရှိနေသည်ကို တွေ့ရသဖြင့် အီတလီရှိ အရေးယူနိုင်သော အာဏာရှိသည် အာဏာပိုင်များက အဆိုပါ အခွန်ရှောင်မှု ဖြစ်နိုင်ခြေအား နောက်ထပ်တိုးချဲ့ စောင့်ကြည့်သင့်ပါသည်။

သစ်ကုန်သွယ်သည့် လုပ်ငန်း အဆင့်ဆင့် လမ်းကြောင်း တလျှောက်တွင် မြန်မာနိုင်ငံ အပါအဝင် မည်သည့်နိုင်ငံ၏ ကုန်သွယ်ရေး စည်းကမ်းများနှင့် အခွန်ရှောင်ခြင်းမဆို ရှိလာခဲ့ပါက EUTR စည်းမျဉ်းနှင့် ငြိစွန်းနေသည်ကိုလည်း သတိပြုရမည် ဖြစ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် အထက်တွင် ဖော်ပြခဲ့သော သစ်တင်သွင်းမှု သုံးခုတွင် ပါဝင်သော သစ်များသည် ၂၀၁၂-၁၃ နှင့် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်များတွင် ခုတ်ထွင်ခဲ့သော သစ်များ ဖြစ်၏။ (သက်ဆိုင်ရာ စာရွက်စာတမ်း မိတ္တူများတွင် ကြည့်ပါ။) ထိုဘဏ္ဍာရေးနှစ်များသည် မြန်မာ့သစ်လုပ်ငန်းက အလွန်အကျွံ ခုတ်ထွင်ခဲ့သော နှစ်များလည်း ဖြစ်သဖြင့် အထက်ပါ သစ်တင်သွင်းမှုများက စောင့်ကြည့်စိုးရိမ်စရာတခု ဖြစ်လာခြင်း ဖြစ်သည်။ (သီးခြားရှင်းလင်းချက် အမှတ် ၂။ ကို ကြည့်ပါ)

## အီတလီအာဏာပိုင်များ၏ ဥပဒေစိုးမိုးရေး လုပ်ဆောင်မှု ပြဿနာ

အီတလီနိုင်ငံအတွင်းသို့ သိသာ ထင်ရှားသော ပမာဏရှိသည့် မြန်မာ့ကျွန်းသစ်များ ဆက်လက်ဝင်ရောက်နေမှုသည် အီတလီအာဏာပိုင်များ၏ EUTR စည်းမျဉ်း ဥပဒေ စိုးမိုးအောင် မလုပ်ဆောင်နိုင်မှုအတွက် သက်သေပင် ဖြစ်ပါသည်။ တချိန်တည်းမှာပင် အခြား ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကိုတော့ မြန်မာ့ကျွန်းသစ် ဝင်ရောက်မှုက ကျဆင်းနေခဲ့၏။ ထိုသို့ ဖြစ်နေရသည့် အကြောင်းအရင်းများမှာ အီတလီအာဏာပိုင်များဘက်က သက်ဆိုင်ရာ အရင်းအမြစ် လိုအပ်မှု၊ အမှန်တကယ် ရလဒ်ထွက်စေသော အားစိုက် လုပ်ဆောင်လိုခြင်း မရှိမှု တို့အပြင် မသမာသော ကုန်သည်များကလည်း အရေးယူမှု အားနည်းသည်ကို အခွင့်ကောင်းယူပြီး အခြား ဥရောပနိုင်ငံများအား မြန်မာ့ကျွန်းသစ် တင်ပို့ရောင်းချရန်အတွက် အီတလီကို အသုံးချမှုတို့ကြောင့် ဖြစ်သည်ဟု EIA က ယူဆပါသည်။

အီတလီ ကာရာဘင်နီရားရီး ရဲတပ်ဖွဲ့ (တပ်ထိန်းရဲဌာန၏ အစိတ်အပိုင်းတခုဖြစ်ပြီး EUTR စည်းမျဉ်း ဥပဒေစိုးမိုးစေရန် တာဝန်ရှိသည့် အဖွဲ့) သည် EUTR စည်းမျဉ်း ဥပဒေစိုးမိုးစေရန် လုပ်ဆောင်မှု တချို့ပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ နှစ်နှောင်းပိုင်းတွင် ၎င်းတပ်ဖွဲ့သည် သစ်တင်သွင်းလာမှုတခုကို သိမ်းဆည်းလိုက်ပြီး တရားစွဲဆိုခြင်း ပြုလုပ်ခဲ့၏။ သို့ရာတွင် အမိန့်ချသော တရားသူကြီးက အမှုအား ပလပ်လိုက်၍ ဆက်လက်ဆောင်ရွက်မှု မရှိခဲ့ကြောင်း EIA က သိရှိထားပါသည်။

| <br> | © Carbinieri Forestali<br><br>၂၀၁၉ နိုဝင်ဘာလတွင် EIA က သတိပေးမှုကြောင့် အီတလီ ကာရာဘင်နာရီး တပ်ဖွဲ့များက ထရီယက်စ် ဆိပ်ကမ်းတွင် သစ်များ ဖမ်းဆီးပြီးနောက် သယ်ချနေပုံ |
|---|---|

အ

အီတလီရှိ အရေးယူနိုင်သော အာဏာရှိ အဖွဲ့အစည်းနှင့် မူလသစ်တင်သွင်းသူများ နှစ်ဖက်စလုံးက EUTR စည်းမျဉ်းအတိုင်း အဆင့်ဆင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို မလိုက်နာသည့် မြန်မာ့ကျွန်းသစ်များအား အသေးစား ဒဏ်ငွေရိုက်ခြင်း ပြစ်ဒဏ်ပေးသည့် အကြောင်းကို ထည့်သွင်းပြောဆိုကြ၏။ ဥပမာ - CF Wood က EIA ၏ စုံစမ်းစစ်ဆေးသူများကို ပြောကြားခဲ့ရာတွင် “ကျွန်တော်တို့ဆီကို CITES (ကာရာဘင်နာရီး တပ်ဖွဲ့၏ အစိတ်အပိုင်း)က အကြိမ်ရေ အတော်များများ လာစစ်တာတွေ ရှိခဲ့ပါတယ်။ လုပ်ရိုးလုပ်စဉ် လုပ်ရတာတွေ ရှိပေမယ့် အားလုံးအဆင်ပြေပါတယ်။ တခြား ဘာမှ ပြဿနာ မရှိပါဘူး။ တခါတလေမှာ ဆိုရင်တော့ အားလုံး အဆင်ပြေနေရဲ့သားနဲ့ သူတို့ အလုပ်ပြဖို့အရေး စာရင်းတင်ဖို့အတွက် တခါတလေ ဒဏ်ရိုက်တာမျိုး လုပ်တာတော့ ရှိပါတယ်” ဟု ပြောဆိုခြင်းမျိုး ရှိခဲ့လေသည်။

EIA က MiPAAF နဲ့ အတည်ပြုချက်အရ ဆိုလျှင်လည်း CF Wood သည် ၎င်းတို့ တင်သွင်းလာသည့် မြန်မာ့ကျွန်းသစ်များနှင့် ပတ်သက်၍ နှစ်ကြိမ် ဒဏ်ရိုက်ခံရဖူးကြောင်း သိရှိရပြီး ယူရို ၅၈၇၅ တကြိမ်နှင့် ယူရို ၃၀၀၀ တကြိမ် ဒဏ်ရိုက် ခံရခြင်း ဖြစ်သည်။ EIA က ရရှိထားသော အချက်အလက်များအရ CF Wood က တင်သွင်းခဲ့သည့် ကျွန်းသစ် တင်သွင်းမှုတို့တွင် တကြိမ်တင်ပို့လျှင် ယူရိုငွေ လေးသောင်းဖိုးမှ ရှစ်သောင်းဖိုးအထိ တင်သွင်းလေ့ရှိသည်ကို တွေ့ရပြီး EIA က ရရှိထားသော ၂ နှစ်စာ အချက်အလက်အတွက် စုစုပေါင်း တန်ဖိုး ယူရိုငွေ ၆၈၀၉၃၁ အထိ ရှိသည်ကို တွေ့ရသောကြောင့် အဆိုပါ နှစ်နှစ်တာ ကာလအတွင်း CF Wood ဒဏ်ရိုက်ခံရသော ပမာဏသည် အဆိုပါ စုစုပေါင်း တန်ဖိုး၏ အကြမ်းဖျင်း ၁ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ကာရာဘင်နီရားရီး ရဲတပ်ဖွဲ့ကလည်း မြန်မာပြည်မှ တင်ပို့လာသော သစ်များကို အတည်ပြုပေးမှုရှိခဲ့သည်ဟု EIA အား ပြောဆိုခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အီတလီအကောက်ခွန်ဌာနနှင့်အတူ ၄င်းတို့က မြန်မာနိုင်ငံမှ တင်သွင်းလာသော ကျွန်းသစ်များကို စစ်ဆေးခဲ့ရာတွင် အချို့ကုန်သည်များအား ပိတ်ပင်ခဲ့ပြီး အခြား ကုန်သည်များကမူ ဥရောပသမဂ္ဂနှင့်တကွ အီတလီ ဥပဒေများကို လိုက်နာထားကြောင်း တွေ့ရှိရသည်ဟု ဆို၏။

EIA က အီတလီနှင့် ဥရောပသမဂ္ဂ အစိုးရ အရာရှိများနှင့် အလွတ်သဘော စကားပြောဆိုမှုများ လုပ်ခဲ့ရာတွင် EUTR ၏ စည်းမျဉ်းများနှင့် အီတလီ ဥပဒေစနစ်တို့ ထပ်တူမကျသောကြောင့် အဆိုပါ စည်းမျဉ်းအတိုင်း ကြပ်မတ်လုပ်ဆောင်နိုင်ရေး အခက်အခဲများရှိနေကြောင်း သိရှိခဲ့ရပါသည်။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသည် ဆိုသည့် အသေးစိတ်ကိုတော့ EIA က မသိရှိရသော်လည်း ဂျာမနီနှင့် နယ်သာလန်ကဲ့သို့သော တရားမ ဥပဒေကို အခြေခံသည့် ဥပဒေစနစ်များ၊ အခြား ဥရောပတိုက်အတွင်းရှိ ဆလိုဗီးနီးယား ကဲ့သို့သော ဥပဒေစနစ်ရှိသည့် နိုင်ငံများတွင်မူ အဆိုပါ စည်းမျဉ်း အတိုင်း ကြပ်မတ်လုပ်ဆောင်ရာတွင် ပိုမိုအောင်မြင်ထားခဲ့သဖြင့် အီတလီ၏ ဥပဒေစနစ်က ချွင်းချက်ဟု ပြောဆိုရမည့် အနေအထား ဖြစ်နေလေသည်။

EUTR နှင့် ပတ်သက်ပြီး ၄င်း၏ လိုအပ်ချက်များကို “တားဆီး ချိုးဖောက်” ပါက EUTR အတွက် ထုတ်ပြန်ထားသော အီတလီ ဥပဒေအရ ချမှတ်မည့် ရာဇဝတ် ပြစ်ဒဏ်များအရ တရားမဝင်သစ်များ တင်သွင်းလာလျှင် တင်သွင်းသူ ကုမ္ပဏီအား တားမြစ် ပြစ်ဒဏ်ပေးမည် ဖြစ်သော်လည်း EUTR က သတ်မှတ်ထားသော အဆင့်အဆင့် လုပ်ဆောင်ဖွယ်ရာများကို ချိုးဖောက်သည့် ပြစ်ဒဏ်အတွက်ကိုမူ ကြပ်မတ်မှု ဆိုင်ရာ အားပျော့သော ဒဏ်ငွေများသည် သတ်မှတ်ထားခြင်းကို တွေ့ရ၏။

ထိုသို့ ကွဲလွဲနေမှုကြောင့် အီတလီအား တင်သွင်းလာသော မြန်မာ့ကျွန်းသစ်များသည် ဒဏ်ရိုက်ခြင်းသာ ခံရ၍ အခြားနိုင်ငံများတွင်မူ အလားတူ ပြစ်ဒဏ်အတွက် တင်သွင်းခွင့် ပိတ်ပင်သည့် အမိန့်ထုတ်ခံရသည့်အတွက် အဆိုပါ ကုန်သွယ်မှုမျိုးကို ရပ်တန့်ရာတွင် အအောင်မြင်ဆုံး အနေအထားတွင် ရှိနေပါသည်။ သို့ရာတွင် အီတလီနိုင်ငံအတွင်း ကြီးကြပ်မှုဆိုင်ရာ ဒဏ်ငွေ ပမာဏသည် သစ် ကီလိုဂရမ် ၁၀၀ လျှင် ယူရို ၅၀၀၀ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၆၀၀၀) မှစပြီး အများဆုံး ယူရိုငွေ တသန်း (အမေရိကန်ဒေါ်လာ ၁.၂ သန်း)အထိ တပ်နိုင်သည်ကိုလည်း တွေ့ရ၏။ EIA က ရရှိထားသော ၄င်း ကုမ္ပဏီများ၏ ကျွန်းသစ် ကုန်သွယ်မှု ပမာဏများအရ အဆိုပါ ဒဏ်ငွေ ယူရိုတသန်းအထိ ရိုက်မည်ဆိုလျှင် ရိုက်နိုင်လောက်သော အကြိုးဝင်သည့် ပမာဏရှိပြီး သွင်းလာသော သစ်တန်ဖိုးထက်လည်း သိသိသာသာ ကြီးကြီးမားမား များပြားသွားမည် ဖြစ်သည်။

မြန်မာ့ကျွန်းသစ်များကို တင်သွင်းနေသော ကုမ္ပဏီများအား အဘယ့်ကြောင့် ကြီးလေးသော ဒဏ်ငွေ မချသည်ကို အီတလီအာဏာပိုင်များအား EIA က မေးမြန်းသည့်အခါတွင် ၄င်းတို့က တုံ့ပြန်လာသည်မှာ ကုမ္ပဏီတခုသည် အချိန်တိုအတွင်း ဥပဒေချိုးဖောက်မှု အကြိမ်ကြိမ်လုပ်မှသာလျှင် ကြီးလေးသော ဒဏ်ငွေချခြင်း အပါအဝင် အခြားသတ်မှတ်ချက်အများအပြား ရှိသည်ဟု ဆို၏။ သို့ရာတွင် ကုမ္ပဏီများဘက်မှ အကြိမ်ကြိမ် မြန်မာ့ကျွန်းသစ် တင်သွင်းမှုများကိုလည်း တွေ့နေရသည့်အတွက် ထိုကဲ့သို့ ကြီးလေးသော ဒဏ်ငွေ ချနိုင်ခြေ ရှိနေသည်ကိုလည်း တွေ့ရပြန်၏။ EUTR အရဆိုလျှင် ပြစ်ဒဏ်ချမှတ်မှုသည် ထိရောက်၊ မျှတပြီး နောင်ကြဉ်စေမည့် ပြစ်ဒဏ် ဖြစ်ရမည် ဖြစ်ပါသည်။ အဆိုပါ စံနှုန်းအတိုင်း ပြည့်မှီစေရန်ဆိုလျှင် အီတလီအာဏာပိုင်များက ကြီးလေးသော ဒဏ်ငွေများလည်း ချမှတ်ရမည် ဖြစ်ပါသည်။ အကယ်၍ စည်းမျဉ်းအရ အဆင့်ဆင့် လိုက်နာဆောင်ရွက်သင့်သော လုပ်ဆောင်ဖွယ်ရာများ ပျက်ကွက်မှုအတွက် ချမှတ်သော ပြစ်ဒဏ်က မလုံလောက်ပါကလည်း EUTR အတိုင်းဖြစ်ရန် ပြဌာန်းသော အီတလီဥပဒေများကို ပြင်ဆင်သင့်ပါသည်။

## မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှုနှင့် မြန်မာ့သစ် ကုန်သွယ်မှု

၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာစစ်တပ်၏ မြန်မာ့သစ်ကဏ္ဍတို့ ဆက်စပ်မှုက ပိုမို ထင်ရှားလာခဲ့ပါသည်။ အဆိုပါ ဆက်စပ်မှုတချို့အား မြန်မာ့ကျွန်းသစ်ကို တင်သွင်းသည့် အီတလီ ကုန်သည်များ၏ တင်သွင်းမှု ဆိုင်ရာ လမ်းကြောင်းတလျှောက်တွင် တွေ့နိုင်ပါသည်။

ယခင်မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ဖူးသော စစ်အစိုးရနှင့် ပတ်သက်သည့် စိုးရိမ်ဖွယ်ရာများ ရှိခဲ့သောကြောင့် မြန်မာစစ်အစိုးရအတွက် နိုင်ငံခြားငွေ ရရှိရန် အဓိက လမ်းကြောင်းတခု ဖြစ်လာသော သစ်တောကဏ္ဍနှင့် မြန်မာစစ်တပ်တို့ တိုက်ရိုက်နှင့် သွယ်ဝိုက်သော ဆက်စပ်မှုများ ရှိမရှိကို EIA က ထပ်ဆင့် လေ့လာမှုများ စတင် ပြုလုပ်ခဲ့ပါသည်။ အသိသာဆုံးနှင့် ကျယ်ကျယ်ပြန့်ပြန့်လည်း လူအများသိကြသော ဆက်စပ်မှုကို နိုင်ငံပိုင် မြန်မာ့သစ်လုပ်ငန်းမှ တဆင့် သိရပြီး ၄င်းလုပ်ငန်းသည် ပြည်တွင်းရှိ “တရားဝင်” သစ်များရောင်းချမှု အားလုံးတွင် ပါဝင်ပတ်သက်နေသော လုပ်ငန်းလည်း ဖြစ်ပါသည်။ ၄င်းလုပ်ငန်းသည် မြန်မာနိုင်ငံမှ သစ်တင်ပို့ခြင်း အားလုံးကို ကြီးကြပ်သော လုပ်ငန်းလည်းဖြစ်ပြီး ယခုအချိန်တွင် ထိုလုပ်ငန်းကို မြန်မာစစ်တပ်က ချုပ်ကိုင်လိုက်ပြီ ဖြစ်ပါသည်။

မြန်မာ့သစ်လုပ်ငန်း၏ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် ပြည်ပပို့သော သစ်ရောင်းချမှုမှ ရရှိသော ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၈၆ သန်းကျော် ရှိ၏။ ထို့အပြင် သစ်လုပ်ငန်းနှင့် ဆက်စပ်သော မူပိုင်ခနှင့် အခွန်များ ရရှိခြင်းအားဖြင့်လည်း အစိုးရဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နီးပါး

ရရှိနေပါသည်။ မြန်မာစစ်တပ်အတွက် သစ်ကုန်သွယ်မှုက အရေးပါပြီး ဝင်ငွေရပေါက်လည်း ဖြစ်နေသည်ကို ဥရောပသမဂ္ဂ၊ ယူကေနှင့် အမေရိကန်နိုင်ငံတို့က စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခြင်းအားဖြင့် တဖန်ပြန်လည် အသိအမှတ် ပြုခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နောက်ထပ် သိသာသော မြန်မာစစ်တပ်နှင့် သစ်ကုန်သွယ်မှုတို့ ဆက်စပ်မှုများလည်း ရှိပါသေးသည်။

မြန်မာအစိုးရသည် မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း FPJVC တွင် သိသာသော တိုက်ရိုက် အကျိုးအမြတ် ပါဝင်နေပြီး မြန်မာ့သစ်လုပ်ငန်းက FPJVC တွင် ၄၅ ရာခိုင်နှုန်း ရှယ်ယာ ပါဝင်ကာ မြန်မာ့သစ်တောဦးစီးဌာနက ၁၀ ရာခိုင်နှုန်း ပါဝင်လေသည်။ ကျန်သော ရှယ်ယာများကို ပုဂ္ဂလိက ရှယ်ယာရှင်များက ပိုင်ဆိုင်ပြီး ၎င်းတို့အထဲတွင် စစ်မှုထမ်းဟောင်းများနှင့် လက်ရှိ စစ်မှုထမ်းများလည်း ပါဝင်နေ၏။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် FPJVC က မြန်မာ့သစ်လုပ်ငန်းထံမှ အမေရိကန်ဒေါ်လာ ၅.၂ သန်းတန် ကျွန်းသစ်များ ဝယ်ယူခဲ့ပြီး အဆိုပါ ကာလအတွင်း မြန်မာ့သစ်လုပ်ငန်းထံမှ တတိယအများဆုံး ကျွန်းသစ်လုံးဝယ်ယူသော ကုမ္ပဏီလည်း ဖြစ်ပါသည်။

EIA ၏ သဘောအရ FPJVC မှတဆင့်သွားသော မည်သည့်သစ်မဆို စစ်အစိုးရအတွက် ဝင်ငွေ ရစေနေခြင်း ကိစ္စ တခုတည်းသာလျှင် ပြဿနာ မဟုတ်ပဲ အကျိုးအမြတ်များ ရောယှက်နေမှုနှင့် အကျင့်ပျက်ခြစားမှုတို့ကိုလည်း EIA က စိုးရိမ်ပြီး အကြောင်းမှာ မြန်မာ့သစ်လုပ်ငန်းသည် ၎င်း တစိတ်တပိုင်း ပိုင်ဆိုင်သော ကုမ္ပဏီအား သစ်ရောင်းချနေပြီး အဆိုပါ ကုမ္ပဏီ FPJVC ဆိုလျှင်လည်း ၎င်း၏ ဒါရိုက်တာများ ခန့်အပ်ရာတွင် မဲလိမ်လည်မှုများ ရှိနေကြောင်း အထောက်အထားများကိုလည်း EIA က ရရှိထား၏။

အီတလီ အပါအဝင် ဥရောပသမဂ္ဂအတွင်းသို့ သစ်တင်သွင်းမှု လမ်းကြောင်းတွင် FPJVC သည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ EIA ၏ စုံစမ်းစစ်ဆေးမှုအရ FPJVC သည် Comilegno ကုမ္ပဏီ၏ သစ်များ ဝယ်ယူနေမှု လမ်းကြောင်းတွင် အစိတ်အပိုင်းတခုဖြစ်နေပြီး မြန်မာ့သစ်လုပ်ငန်းမှ ဝယ်ယူထားသော သစ်များကို အခြား ပုဂ္ဂလိက ပို့ကုန် ကုမ္ပဏီများသို့ ဆက်လက် တင်သွင်းမှုများလည်း ရှိနေ၏။

EIA ၏ စုံစမ်းစစ်ဆေးမှုအရ FPJVC ၏ တဦးချင်းနှင့် အဖွဲ့လိုက် ရှယ်ယာရှင်များနှင့်တကွ လုပ်ငန်းအခွဲများကိုလည်း ဖော်ထုတ်နိုင်ခဲ့၏။ အဆိုပါ ရှယ်ယာရှင် အများစုသည် ကျွန်းသစ် ကုန်သွယ်ရေး လုပ်ကိုင်နေသည့် ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီ လီမိတက်၊ တီကေကေ ကုမ္ပဏီ လီမိတက်၊ ဝင်းဝင်း ကုမ္ပဏီ လီမိတက်နှင့် ဇမ္ဗူ ရတနာ ကုမ္ပဏီ လီမိတက်တို့ အပါအဝင် ပုဂ္ဂလိက ကုမ္ပဏီများတွင် ပိုင်ရှင်အဖြစ် ဖြစ်စေ၊ အကြီးတန်း ကြီးကြပ်သူ အဖြစ် ဖြစ်စေ ပါဝင် ပတ်သက်နေကြသည်ကိုလည်း တွေ့ရ၏။

မြန်မာစစ်အစိုးရသည် ၎င်း၏ လုပ်ဆောင်မှုများအတွက် ဝင်ငွေ လိုအပ်လာသောကြောင့် သစ်လေလံတင်ခြင်း များကိုလည်း ပြုလုပ်လာခဲ့လေသည်။ အဆိုပါ လေလံတင်သော သစ်များသည် တရားမဝင်သဖြင့် ဖမ်းဆီးသိမ်းယူထားသော သစ်များ ဖြစ်နေပြီး နိုင်ငံတကာဈေးကွက်သို့လည်း ဝင်ရောက်လာနိုင်သည့် စိုးရိမ်စရာ အခြေအနေရှိနေပါသည်။ ဥပမာအားဖြင့် ၂၀၂၀ ပြည့်နှစ် အတွင်း မြန်မာနိုင်ငံတွင် စုစုပေါင်း တရားမဝင်သစ်တန်ချိန် တသောင်းနီးပါး ဖမ်းဆီး သိမ်းယူမှု ရှိခဲ့ပြီး ကျွန်းသစ် တန်ချိန် ၂၀၀၀ နီးပါးလည်း ပါဝင်နေရာတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ သန်းနီးပါး တန်ကြေး ရှိနေပါသည်။ EIA အနေဖြင့် အဆိုပါ သိမ်းယူထားသော သစ်များကို မည်သို့ ကိုင်တွယ်သည် ဆိုသည့် ကိစ္စအား အတည်မပြုနိုင်ခဲ့သလို စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီး နောက်ပိုင်း စောင့်ကြည့်လေ့လာခံရမှု မရှိသောကြောင့် သိမ်းဆည်းရမိထားသော သစ်များအားလုံးကို မည်ကဲ့သို့ စီမံခန့်ခွဲလိုက်သည်ကိုလည်း မသိရှိနိုင်ခဲ့ပါ။ ဥပမာအားဖြင့် အဆိုပါ ဖမ်းမိသစ်များကို ၂၀၂၁ ခုနှစ် မေလ တွင် ပြုလုပ်သော လေလံပွဲတခုတွင် မြန်မာ့သစ်လုပ်ငန်းထံမှ အောက်ပါ ကုမ္ပဏီ ၁၁ ခုက သစ်များ ဝယ်ယူခဲ့သည်ဟု သိရ၏။

၁။ ဂရင်းလင့် ပီတီအီး ကုမ္ပဏီ လီမိတက် (စင်္ကာပူ)
၂။ ကပ္ပန သစ်ကုမ္ပဏီ လီမိတက် (အခြေစိုက်နေရာ မသိရ)
၃။ မောင်မောင်သိန်း ကုမ္ပဏီ လီမိတက် (မြန်မာ)
၄။ အမ်တီကေ သစ်ကုမ္ပဏီ လီမိတက် (စင်္ကာပူ)
၅။ နဂ်ါနီ အုပ်စု ကုမ္ပဏီ လီမိတက် (မြန်မာ)
၆။ အမျိုးသား သစ်လုပ်ငန်း ကုမ္ပဏီ လီမိတက် (မြန်မာ)
၇။ သိန်းသိန်းထွန်း ကုန်ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက် (မြန်မာ)
၈။ ယူနိုက်တက် လုပ်ငန်း ကုမ္ပဏီ (အခြေစိုက်နေရာ မသိရ)
၉။ ယူနိုက်တက် သစ်လုပ်ငန်း ကုမ္ပဏီ လီမိတက် (မြန်မာ)
၁၀။ ဝင်း အင်တာပရိုက်စ် ကုမ္ပဏီ လီမိတက် (မြန်မာ)
၁၁။ ရတီရှင်းသန့် ကုမ္ပဏီ လီမိတက် (မြန်မာ)

အထက်ပါ မေလ လေလံပွဲတွင် ဝယ်ယူခဲ့သော ကုမ္ပဏီ သုံးခုဖြစ်သည့် သိန်းသိန်းထွန်း ကုန်ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်၊ ယူနိုက်တက် သစ်လုပ်ငန်း ကုမ္ပဏီ လီမိတက်နှင့် ဝင်း အင်တာပရိုက်စ် ကုမ္ပဏီ လီမိတက် တို့သည် ဇန်နဝါရီ ၂၀၁၈ မှ အောက်တိုဘာ ၂၀၂၀ အထိ ကာလအတွင်း အီတလီနိုင်ငံအား မြန်မာနိုင်ငံမှ သစ်တင်ပို့သည် ကုမ္ပဏီများဖြစ်သည်ကို အကောက်ခွန် မှတ်တမ်းများအရ သိရ၏။ လတ်တလောနှစ်များတွင်

အမျိုးသား သစ်လုပ်ငန်း ကုမ္ပဏီ လီမိတက်နှင့် ဝင်း အင်တာပရိုက်စ် တို့သည် ခရိုအေးရှားနိုင်ငံကိုလည်း ကျွန်းသစ်များ တင်ပို့နေပြီး ဝင်း အင်တာပရိုက်စ် ကုမ္ပဏီဆိုလျှင် HF Italy ကုမ္ပဏီ၏ သစ်တင်သွင်းမှု လမ်းကြောင်းတွင် ပါဝင်နေသော ကုမ္ပဏီလည်း ဖြစ်သည်။

အထက်ပါ လေလံပွဲတွင် ပါဝင်ခဲ့သော ဝင်း အင်တာပရိုက်စ် ကုမ္ပဏီသည် FPJVC ၏ ကုမ္ပဏီခွဲ တခုဖြစ်ပြီး ဥရောပ သမဂ္ဂသို့ ကျွန်းသစ် တင်ပို့မှုတွင် အရေးပါသော ကုမ္ပဏီ ဖြစ်ပါသည်။ ၎င်း ကုမ္ပဏီထံမှ ဝယ်ယူနေသော အီတလီသစ်ကုမ္ပဏီများတွင် Comilegno (ပုံဖော် အချက်လက် ၃။အား ကြည့်ပါ။) နှင့် TWB Solutions (ပုံဖော် အချက်အလက် ၄။ အားကြည့်ပါ) ကုမ္ပဏီတို့လည်း အပါအဝင် ဖြစ်၏။


အထက်ပါ စုံးရိမ်စရာ အချက်များအပြင် Comilegno အား သစ်ရောင်းချနေသူများနှင့် မြန်မာစစ်တပ်တို့၏ အဆက်အစပ်များကိုလည်း EIA က တွေ့ရှိခဲ့၏။ (ပုံဖော် အချက်လက် ၃။ အားကြည့်ပါ။) စိုးရိမ်ဖွယ်ရာ အခြေအနေမှာ FPJVC ပါဝင်ပတ်သက်မှုသာ မကပဲ မြန်မာဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီ MRT နှင့် စက်ပူအခြေစိုက်သော IPL PTE ကုမ္ပဏီ တို့ကို ပိုင်ဆိုင်သော IGE ကုမ္ပဏီ အစုအဖွဲ့လည်း ပါဝင် ပတ်သက်နေမှု ဖြစ်သည်။

EIA သည် အိန္ဒိယ ကုမ္ပဏီတခုဖြစ်သော Friends Timber PVT ကုမ္ပဏီ၏ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေး မှတ်တမ်းများကိုလည်း ရရှိခဲ့ရာတွင် "ကုန်လက်ခံ ရရှိသည့် စာရင်း"တွင် "TCS Comilegno SRL"၊ "TCS Miura Srl Unipersonale" နှင့် "TCS GTH Italia" ကုမ္ပဏီများကို တွေ့ရှိခဲ့၏။ အဆိုပါ အိန္ဒိယ ကုမ္ပဏီက "ပေးရန်ရှိသော စာရင်း" ကိုလည်း မှတ်တမ်းတင်ခဲ့ရာတွင် ၎င်းတို့ အများဆုံး ပေးရန်ရှိသော ပမာဏအား "IPL PTE Ltd" နှင့် "TCS IPL PTE Ltd" တို့အား ပေးရန် ရှိသည် ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

Comilegno ကုမ္ပဏီအား ခရိုအေးရှား ကုမ္ပဏီ Viator Pula ကုမ္ပဏီမှ ရောင်းချသော သစ်များနှင့် ပတ်သက်သည့် အသေးစိတ် စာရွက်စာတမ်းများကို EIA က လေ့လာခဲ့ရာတွင်လည်း သစ်တင်သွင်းလာသည့် လမ်းကြောင်းတလျှောက်တွင် MRT, IPL and Friends Timber ကုမ္ပဏီများ ပါဝင်သည်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရ၏။

အဆိုပါ စာရွက်စာတမ်းများအရ Comilegno, Miura and GTH ကုမ္ပဏီများသည် IPL နှင့် MRT မှ သစ်များကို အိန္ဒိယရှိ Friends Timber ကုမ္ပဏီမှတဆင့် ဝယ်ယူခဲ့သည်ဟု EIA က ယူဆပါသည်။

ပုံဖော် အချက်အလက် ၃။ Comilegno ၏ သစ်ကုန်သွယ်မှု လမ်းကြောင်း အဆင့်ဆင့်နှင့် ဒဏ်ခတ်ခံရသော ကုမ္ပဏီများ၊ စစ်တပ်များနှင့် ဆက်စပ်နေပုံ




MRT နှင့် IPL တို့သည် IGE ကုမ္ပဏီများအုပ်စု၏ အစိတ်အပိုင်းတခုဖြစ်ပြီး ငွေကြေးကြွယ်ဝသော မြန်မာနိုင်ငံသားတဦးဖြစ်သည့် နေအောင်ဆိုသူ၏ ကြီးကြပ်မှုအောက်တွင် ရှိနေသည်။ နေအောင်၏ မြန်မာစစ်တပ်နှင့် ဆက်စပ်နေသော လမ်းကြောင်းများစွာ ရှိသောကြောင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက စောင့်ကြည့် ကိုင်တွယ်ရမည့်သူ ဖြစ်သည်ဟူ၍ သတ်မှတ်ထားခြင်း ခံခဲ့ရဖူးသူ ဖြစ်ပါသည်။ ထိုသို့ ဆက်စပ်မှုများအနက် တခုမှာ သူ၏ ကုမ္ပဏီဖြစ်သော IGE သည် စက်တင်ဘာလ ၂၀၁၇ တွင် မြန်မာစစ်တပ်အား အမေရိကန်ဒေါ်လာ သုံးသောင်းခွဲ အလှူငွေ ပေးခဲ့ခြင်းသည်လည်း အပါအဝင်ဖြစ်သည်။ အဆိုပါ အလှူငွေ ပေးသည့် အချိန်သည် မြန်မာစစ်တပ်က ရိုဟင်ဂျာများကို “နယ်မြေရှင်းလင်းရေး” (လူမျိုးပပျောက်အောင် ကြိုးစားမှုနှင့် သတ်ဖြတ်မှု အဖြစ် သတ်မှတ်ခံရ) လုပ်နေသော အချိန်ဖြစ်ပြီး ထိုနှစ် ၂၀၁၇၏ ဩဂုတ်လတွင်စတင် ပြုလုပ်ခဲ့ကာ အဆိုပါ လှူဒါန်းမှုက ၄င်းရှင်းလင်းရေး စီမံချက်ကို ပံ့ပိုးရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု ယူဆရပါသည်။

နေအောင်နှင့်တကွ သူ၏ ကုမ္ပဏီများနှင့် မြန်မာစစ်တပ်တို့၏ နောက်ထပ် ဆက်စပ်နေမှုများတွင် မြန်မာစစ်တပ်ပိုင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတွင် သူက ဒါရိုက်တာ ဖြစ်နေခြင်းလည်း အပါအဝင် ဖြစ်သည်။ MRT ၏ ဒါရိုက်တာ တဦးဖြစ်သော သန့်ဇင်သည်လည်း မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတွင် ဒါရိုက်တာ ဖြစ်နေသည်ကို တွေ့ရ၏။ ထို့အပြင် နေအောင်သည် မြန်မာစစ်တပ်ပိုင်ဆိုင်သော ကုမ္ပဏီ နောက်တခုဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင် လီမိတက် ကုမ္ပဏီတွင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် ဖြစ်၏။ အဆိုပါ စစ်တပ်ပိုင် ကုမ္ပဏီ နှစ်ခုစလုံးကို ကနေဒါ၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် အမေရိကန်တို့က စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်မှု ပြုလုပ်ထားသည်။

နေအောင်၏ ကျန်ရှိသေးသော စစ်တပ်နှင့် ဆက်စပ်ပုံမှာ သူနှင့် ညီအကို တော်စပ်သူ မိုးအောင်သည် ရေတပ်ဗိုလ်ချုပ် တဦးဖြစ်ပြီး သူသည်လည်း မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၏ ဒါရိုက်တာ တဦးဖြစ်သည်။

ပုံဖော် အချက်အလက် ၄။ TWB Solutions နှင့် International Wood တို့၏ ကုန်သွယ်ရေး လမ်းကြောင်းနှင့်တကွ ခန့်ခွဲမှုနှင့် ရှယ်ယာရှင်အရ သက်ဆိုင်ရာ ကုမ္ပဏီများနှင့် ဆက်စပ်နေပုံ



မြန်မာစစ်တပ်သည် သစ်ကုန်သွယ်မှုနှင့် သက်ဆိုင်သော အခြားလုပ်ငန်းများမှလည်း အကျိုးအမြတ်ရရှိနေပြီး သယ်ယူပို့ဆောင်ရေး အပိုင်း၊ အထူးသဖြင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ တဆင့် အလုံဆိပ်ကမ်းအားလည်း ပိုင်ဆိုင်ထားပါသည်။ အထက်တွင် ဖော်ပြထားခဲ့သလိုပင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းကို ကနေဒါ၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် အမေရိကန်တို့က စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်မှု ပြုလုပ်ထား၏။

မြန်မာနိုင်ငံမှ သစ်တင်ပို့ရာတွင် သုံးသော အခြားဆိပ်ကမ်းတခုမှာ အေးရှားဝေါ ဆိပ်ကမ်းဖြစ်ပြီး အေးရှားဝေါ ကုမ္ပဏီ၏ အစိတ်အပိုင်းတခုလည်း ဖြစ်သည်။ ၄င်း၏ အုပ်ချုပ်မှု ဒါရိုက်တာ (အချို့စာရွက်စာတမ်းများတွင် အမှုဆောင် အရာရှိချုပ် ဟုလည်း ခေါ်ဆိုသည့်) ထွန်းမြင့်နိုင် (စတီဗင်လော သို့မဟုတ် လိုပင်းရှောင် ဟုလည်း သိကြသူ)သည် မြန်မာစစ်တပ်အတွက် ငွေကြေးခဝါချ ပေးနေသူ ဖြစ်သည်ဟု အမေရိကန် အစိုးရက စွပ်စွဲထားသူ ဖြစ်သည်။ ထို့အပြင် သူသည် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုများနှင့်လည်း ဆက်စပ်နေပြီး သူပိုင်သူ လုပ်ငန်းများထဲမှ တခုဖြစ်သည့် အေးရှားဝေါဆိပ်ကမ်း မှတဆင့် မူးယစ်ဆေးဝါးမှရသော အမြတ်ငွေများကို ငွေကြေးခဝါချနေသူ ဟူ၍လည်း စွပ်စွဲခံထားရသူ ဖြစ်ပါသည်။

၂၀၁၉ တွင် ကုလသမဂ္ဂက စေလွှတ်သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အချက်အလက် ရှာဖွေရေး အဖွဲ့က IGE ကုမ္ပဏီ အုပ်စုနှင့် အေးရှားဝေါ ကုမ္ပဏီတို့အား စစ်တပ်နှင့် ဆက်စပ်ရာတွင် "အကြီးဆုံးဖြစ်နေသော ခရိုနီ ကုမ္ပဏီများထဲမှ ကုမ္ပဏီနှစ်ခု" ဖြစ်ကြသည်ဟု နာမည်တပ်ခဲ့၏။

မြန်မာနိုင်ငံတွင် လတ်တလော စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာအဖွဲ့အစည်း အတော်များများနှင့် လူပုဂ္ဂိုလ် အသီးသီးတို့က နိုင်ငံခြားကုမ္ပဏီများအား မြန်မာစစ်တပ်နှင့် ဆက်လက် ကုန်သွယ်ခြင်း မပြုရန် တောင်းဆိုနေခဲ့ကြသည်။ အဆိုပါ တောင်းဆိုမှုများကို ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးမှ ကျွမ်းကျင်သူများကလည်း ထောက်ခံခဲ့ကြသည်။ အဆိုပါ ကုလရုံးအနေဖြင့် "အချို့လုပ်ငန်းများက ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု ဖြစ်ပြီးနောက်ပိုင်း တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးကို ထောက်ပံ့သည့် အနေဖြင့် စစ်အစိုးရနှင့် ဆက်နွယ်မှုကို ဖြတ်တောက်ခဲ့ကြသော်လည်း အများစုကမူ ဘာမှ မဖြစ်ထားသကဲ့သို့ မြန်မာစစ်တပ်နှင့် ဆက်လက် ကုန်သွယ်ရေးလုပ်နေကြောင်း" ပြောဆိုထား၏။

ထိုကဲ့သို့ တောင်းဆိုမှုများကို လစ်လျူရှုနေခဲ့သည့်အထဲမှာ အီတလီ ကုန်သည်များလည်း အပါအဝင် ဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီး နောက်ပိုင်းတွင်လည်း အီတလီကုမ္ပဏီများက မြန်မာ့ကျွန်းသစ်များ ဆက်လက်တင်သွင်းနေသည်ကို ကုန်သွယ်ရေး အချက်အလက်များအရ သိရပြီး ၂၀၂၁ ခုနှစ်အတွင်း မတ်လတွင် ယူရို ၁.၅၇ သန်းဖိုး၊ ဧပြီလတွင် ယူရို ၁.၄၂ သန်းဖိုးနှင့် မေလတွင် ယူရို ၁.၃၂ သန်းဖိုးသော မြန်မာ့သစ်များကို တင်သွင်းခဲ့၏။ အဆိုပါ တင်သွင်းခဲ့သည့်အထဲတွင် HS ၄၄၀၇၂၉၉၅ နံပါတ်ဖြင့် ကျွန်းသစ် ပါဝင်မှုက အများဆုံးဖြစ်ခဲ့ပြီး ယူရိုသန်း ၁.၃၉၊ ၁.၀၇ နှင့် ၁.၁၃ အသီးသီး ပါဝင်ခဲ့သည်။

အခြား မှတ်တမ်းတင်လောက်သော စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့သစ်များ ဆက်လက်တင်သွင်းနေသည့် နိုင်ငံများမှာ မတ်လနှင့် ဧပြီလတို့တွင် ယူရိုငွေ ၄၃၇၀၀၀ ၄၇၆၀၀၀ ဖိုးစီ အသီးသီး တင်သွင်းခဲ့သော ဆွီဒင်၊ မတ်လနှင့် မေလတို့တွင် ယူရိုငွေ ၅၄၀၀၀ ဖိုးနှင့် ၈၅၀၀၀၀ ကျော်ဖိုးစီ အသီးသီး တင်သွင်းခဲ့သော ဂရိ၊ မတ်လမှ မေလ အထိ စုစုပေါင်း ယူရို ၅၂၃၀၀၀ ဖိုး တင်သွင်းခဲ့သော ပြင်သစ်တို့ ဖြစ်ကြ၏။

GTH Italia SRL သည် ၂၀၁၈ ဇန်နဝါရီနှင့် ၂၀၂၀ အောက်တိုဘာ အကြားကာလတွင် မြန်မာနိုင်ငံမှ တတိယအများဆုံး ကျွန်းသစ်တင်သွင်းသည့် နိုင်ငံဖြစ်ခဲ့ပြီး စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း ဆက်လက် တင်သွင်းနေခဲ့ရာတွင် အနည်းဆုံး အသုတ် သုံးသုတ် တင်သွင်းခဲ့နိုင်သည်ဟု EIA က ယူဆပါသည်။

GTH Italia သည် Gold Teak Holding PTE Ltd (စင်္ကာပူ)နှင့် Gold Teak Holding Myanmar ကုမ္ပဏီတို့နှင့် ဆက်စပ်နေရာတွင် အဆိုပါ ကုမ္ပဏီသည် မလေးရှားတွင်လည်း ရုံးခွဲရှိနေသည်ဟု ယူဆရ၏။ GTH Italia သည် အီတလီရှိ အခြား အရေးပါသော သစ်ကုမ္ပဏီ Miura SRL (Miura Friends ဟုလည်း သိကြ၏။)နှင့်လည်း ပိုင်ရှင်ထပ်တူကျသည့် ပုံစံဖြင့် ဆက်စပ်နေ၏။ Miura မှာ အိန္ဒိယရှိ Friends Timber ၏ "တွဲဖက်" ကုမ္ပဏီ တခုဖြစ်သည်။

စင်္ကာပူ အခြေစိုက် Gold Teak Holding ကုမ္ပဏီကို ယခင်ကလည်း EIA က စောင့်ကြည့်ခဲ့ဖူးပါသည်။ ထိုကုမ္ပဏီသည် EUTR အား ချိုးဖောက်ပြီး ဥရောပသမဂ္ဂ အတွင်းသို့ သစ်အရောင်းအဝယ်လုပ်နေသည်ဟု သံသယရှိသဖြင့် ၂၀၁၆ ဩဂုတ်လတွင် EIA က ၄င်း၏ သစ်ဝယ်ယူ တင်ပို့သည့် လမ်းကြောင်းကို စုံစမ်းရန်အတွက် ချဉ်းကပ်ခဲ့၏။ ထို့နောက်တွင် EIA သည် နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့အခြေစိုက် ကုမ္ပဏီတခုအား ၄င်းကုမ္ပဏီက တရားမဝင် မြန်မာ့ကျွန်းသစ် ခြောက်တန် ရောင်းချခဲ့သည်မှာ သိသာသော ဖြစ်နိုင်ခြေ ရှိသည်ဟု မှတ်တမ်းတင်နိုင်ခဲ့သည်။



Copyright: EIA

EIA သည် ပက်စီယာမြို့ အီတလီတွင် မှတ်ပုံတင်ထားသည့် TWB Solutions ၏ ရုံးခန်းကို သွားရောက်ခဲ့ရာတွင် ပုံပါအတိုင်း ဘယ်ဘက် အဆောက်အအုံသည် လူနေအိမ်များ ဖြစ်နေသည်ကို တွေ့ရပြီး ညာဘက်ရှိ ဂိုထောင် အဆောက်အဦးမှာလည်း ကာလကြာရှည် အသုံးမပြုထားသည့်ပုံပေါ်နေပါသည်။

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီး နောက်ပိုင်းနှင့် ကိုဗစ်ကပ်ရောဂါကာလအတွင်းတို့တွင် အချို့ အီတလီကုန်သည်များအတွက် မြန်မာ့ကျွန်းသစ်များ ဆက်လက်ဝယ်ယူရန် အခက်အခဲရှိနေပုံရသည်ဟု ယူဆစရာ ရှိသော်လည်း အခြားသော အီတလီကုန်သည်များအတွက်မူ သိသာစွာ များပြားနိုင်သော သိုလှောင်ထားမှု သို့မဟုတ် ဆက်လက် တင်သွင်းနိုင်နေခဲ့မှု တို့ ရှိနေခဲ့၏။ ဥပမာအားဖြင့် GTH Italia က "ကျွန်တော်တို့ ဆက်ရောင်းနေဖို့အတွက် ဘာမှ ပြဿနာ မရှိပါဘူး" ဟု ပြောဆိုခဲ့သည်။ စစ်အာဏာသိမ်းမှု မဖြစ်ခင်တွင်လည်း CF Wood ကုမ္ပဏီက ၎င်းတို့ ရှေ့ဆက် ဝယ်ယူ ရောင်းချနိုင်ရေးမှာ ကပ်ရောဂါ အခြေအနေကြောင့် အနှောက်အယှက် ရှိခဲ့သော်လည်း "ကံကောင်းထောက်မစွာနဲ့ပဲ ကျွန်တော်တို့မှာ မြန်မာ့ကျွန်းတွေ အများကြီး ရှိထားတယ်ဗျ။ ပစ္စည်းပြတ်သွားတာမျိုး မရှိပါဘူး" ဟု ပြောဆိုခဲ့သည်။




ပြေီ ၂၀၂၀ တွင် Gold Teak Holding ကုမ္ပဏီက မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းထားသော်လည်း သစ်များ ဆက်လက် ဝယ်ယူနိုင်သည် အခြေအနေကို ဝံ့ကြွား ပြောဆိုခဲ့၏။ ထိုသို့ မြန်မာနိုင်ငံမှ ဆက်လက်တင်ပို့မှု ရှိနေခြင်းသည် EUTR စိုးမိုးရေးကိုသာမက မြန်မာစစ်အစိုးရက ဆက်လက် ဖိနှိပ်မှု အတွက် လိုအပ်သည့် ဝင်ငွေ မရစေရေးအတွက် လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှု CDM ဖြင့် လှုပ်ရှားနေကြသော မြန်မာလူထု၏ ကြိုးစားမှုများကိုလည်း အနှောက်အယှက် ပေးနေသည်။ ယခု ဖော်ပြပါ ဓါတ်ပုံကို Gold Teak Holding ကုမ္ပဏီက LinkedIn စာမျက်နှာတင်ခဲ့သော်လည်း ယခု ဖျက်လိုက်ပြီ ဖြစ်သည်။

Photo credit: Gold Teak Holding Group's LinkedIn page.

## ကုမ္ပဏီများထံမှ တုံ့ပြန်မှုများ

EIA က Basso Legnami၊ Belotti SPA၊ Budai၊ CF Wood၊ Comilegno၊ GTH Italia၊ International Wood၊ Miura Friends၊ Sangiorgi Legnami၊ Timberlux၊ TWB Solutions နှင့် Kärnsund Wood Link ကုမ္ပဏီတို့အား တုံ့ပြန် ဖြေဆိုနိုင်သည့် အခွင့်အရေး ပေးခဲ့ပါသည်။

ထိုအခါတွင် အထက်ပါ ကုမ္ပဏီများထဲမှ Basso Legnami၊ GTH Italia နှင့် Kärnsund ကုမ္ပဏီများက EIA ကို သီးခြားစီ စာပြန်ခဲ့ကြပြီး Belotti SPA၊ Comilegno Srl၊ International Wood Srl၊ Sangiorgi Legnami SPA၊ Timberlux Srl၊ TWB Solutions Srl တို့ကမူ EIA ကို စုပေါင်း စာပြန်ခဲ့ကြ၏။

Kärnsund က အီတလီထက်မှ သစ်များ ဝယ်ယူသည် ဆိုသောအချက်ကို ငြင်းဆန်ခဲ့ပြီး "ကျွန်တော်တို့မှာ Skogsstyrelsen (ဆွီဒင်ရှိ အရေးယူနိုင်သော အာဏာရှိသည့် အဖွဲ့အစည်း) ဆီကနေ ဒီနှစ် ဧပြီလ ၁၅ ရက်နေ့အထိ မြန်မာ့ကျွန်းသစ်ကို ဆွီဒင်ကို တိုက်ရိုက် တင်သွင်းဖို့ ခွင့်ပြုချက် ရထားပါတယ်" ဟု ပြောဆိုခဲ့ပြီး အီတလီရှိ CF Wood ကုမ္ပဏီကိုလည်း ၄င်းတို့က သစ်များရောင်းချနေကြောင်း အတည်ပြုခဲ့သည်။

Basso Legnami က ဆိုလျှင်လည်း ၄င်းတို့သည် "ဥရောပသမဂ္ဂ စည်းမျဉ်းအမှတ် ၉၉၅/၂၀၁၀ အရ လိုအပ်သော ပြည်တွင်းနှင့် ဥရောပဆိုင်ရာ သက်ဆိုင်သာ သတ်မှတ်ချက်များ၊ သစ်များ အရောင်းမြှင့်တင်ခြင်းနှင့် ရလာသော သစ်များအတွက် အဆင့်ဆင့် လုပ်ဆောင်ဖွယ်ရာများတို့ကို အပြည့်အဝ လုပ်ကိုင်ပြီး လုပ်ငန်းလည်ပတ်နေပါသည်ဟု ပြောဆိုခဲ့၏။

GTH Italia ၏ ရှေ့နေကလည်း အီတလီ၏ အရေးယူပိုင်ခွင့်ရှိသော အာဏာပိုင် အဖွဲ့အစည်း၏ ကြီးကြပ်မှုနှင့်အတူ တင်သွင်းလာသော သစ်များအား အီတလီ အကောက်ခွန်ဌာနတွင် သက်ဆိုင်ရာ အခွန်များ ပေးအပ်ရှင်းလင်းပြီး ဖြစ်သဖြင့် EUTR စည်းမျဉ်းအရ လိုက်နာထားပြီးသား ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

အခြား ကုမ္ပဏီ ခြောက်ခု၏ စုပေါင်း တုံ့ပြန်စာတွင်မူ တင်သွင်းလာသော သစ်များ၏ တရားဝင်မှု သေချာစေရန်အတွက် သက်ဆိုင်ရာ စည်းကမ်းများကို အာဏာပိုင်များနှင့် အတူ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နေပြီး "မည်သည့်အခါမှ တာဝန်ရှောင်ကွင်းခြင်း မရှိခဲ့ပါ" ဟု ပြောဆိုခဲ့ကြ၏။ ၄င်းတို့က မြန်မာ့သစ်များ တရားမဝင် တင်သွင်းနေသည် ဆိုသော စွပ်စွဲချက် မှန်သမျှသည်လည်း "အမှန်တကယ်မဟုတ်သည့် လုံးဝမှားယွင်းသော၊ အခြေအမြစ်မရှိသော၊ မမျှမတ အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ပါသည့် စွပ်စွဲချက်များသာ ဖြစ်သည်" ဟုလည်း ပြန်လည် တုံ့ပြန်ခဲ့သည်။

မြန်မာစစ်တပ်နှင့် ဆက်စပ်သော ကုမ္ပဏီများမှ သစ်များဝယ်ယူသည့် ကိစ္စကိုလည်း GTH Italia ၏ ရှေ့နေက ၄င်းတို့သည် "IPL PTE Ltd မှ မည့်သည့် ကုန်ပစ္စည်းကိုမျှ မဝယ်ယူခဲ့ဖူးပဲ ဘယ်ကုမ္ပဏီဖြစ်သည် ဆိုခြင်းကိုလည်း အသေအချာ မသိပါ" ဟု တုံ့ပြန်ခဲ့၏။

ထိုသို့ တုံ့ပြန်ခဲ့သော ကုမ္ပဏီများ အားလုံးသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်းနှင့် မြန်မာ့သစ်လုပ်ငန်း စီးပွားရေး ဒဏ်ခတ်ခံရပြီး နောက်ပိုင်း ၄င်းတို့က သစ်များဆက်လက် ဝယ်ယူမှု ရှိမရှိ ဆိုသည့် မေးခွန်းကိုမူ ထည့်သွင်း မဖြေကြားခဲ့ကြချေ။

## သစ်ရောင်းဝယ်ခြင်းနှင့် ပတ်သက်သော စီးပွားရေး ဒဏ်ခတ်မှုများ

ကနေဒါ၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် အမေရိကန်တို့က မြန်မာနိုင်ငံရှိ စစ်အစိုးရနှင့် ဆက်စပ်နေသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ပစ်မှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှု အမျိုးမျိုး ချမှတ်ခဲ့ရာတွင် စစ်အစိုးရထဲမှ ဒဏ်ခတ် ပိတ်ဆို့ခံရသူများသည် ရိုဟင်ဂျာများအား ပစ်မှတ်ထား ကျူးလွန်မှုများတွင်လည်း ပါဝင်ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်ကတည်းက ဒဏ်ခတ်ပိတ်ဆို့ခံ စာရင်းထဲတွင် ပါဝင်နေခဲ့ပြီးသား ဖြစ်၏။

အဆိုပါ စီးပွားရေး ဒဏ်ခတ် ပိတ်ဆို့မှုများ၏ ကျယ်ပြန့်သော ရည်ရွယ်ချက်မှာ စစ်အစိုးရ၏ တိုင်းပြည်သယံဇာတများကို အသုံးချ ငွေရှာနိုင်စွမ်းကို တားမြစ်ရန်နှင့် စစ်အာဏာသိမ်းမှုနှင့်တကွ နောက်ဆက်တွဲ ဖိနှိပ်မှုများအတွက် တာဝန်ရှိသူများကို အပြစ်ပေးရန် ဟူ၍ ဖြစ်သည်။ EU ၏ ၂၀၂၁ ဇွန်လ ကြေညာချက်တွင်လည်း အဆိုပါ ဒဏ်ခတ်မှုများသည် "မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနှင့် တရားဥပဒေ စိုးမိုးရေးကို ထိခိုက်နေခြင်းနှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်နေမှုများကြောင့် ချမှတ်ခဲ့ခြင်း ဖြစ်သည်" ဟု ဖော်ပြထားပါသည်။

ကနေဒါ၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် အမေရိကန်တို့အားလုံးသည် မြန်မာ့သစ်လုပ်ငန်းအား ပိတ်ဆို့ ဒဏ်ခတ်ခဲ့ပြီး ဖြစ်ပါသည်။ ဥရောပသမဂ္ဂကမူ FPJVC ကိုပါ ဒဏ်ခတ်ခဲ့၏။ ထိုသို့ တရားမဝင် သစ်တင်ပို့နေသော လမ်းကြောင်းတလျှောက်တွင် မကြာခဏ ပါဝင်လေ့ရှိသော အဖွဲ့အစည်းများလည်း အလားတူ ဒဏ်ခတ်ခံခဲ့ရရာတွင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းလည်း အပါအဝင် ဖြစ်ပြီး အလုံဆိပ်ကမ်းအား ပိုင်ဆိုင်သည့် ကုမ္ပဏီလည်း ဖြစ်သည်။

အထက်ပါ စီးပွားရေး ပိတ်ဆို့မှုများကြောင့် ထိုလုပ်ငန်းများထံသို့ ဝင်ငွေ ရောက်ရှိမှုများကို ဟန့်တားနိုင်ခဲ့ပြီး "တဆင့်ခံ"၊ "အကျိုးခံစားခွင့်" ကဲ့သို့သော ပေးငွေများကိုပါ ဟန့်တားနိုင်ခဲ့ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဝင်ငွေပေးသွင်းမှုတခုသည် ဒဏ်ခတ်ခံရသော အဖွဲ့အစည်းထံ တိုက်ရိုက် သွားမှသာလျှင် ပိတ်ဆို့တားဆီးခြင်း မဟုတ်ပါ။

မြန်မာ့ကျွန်းသစ်ကိစ္စတွင် EUTR အား လိုက်နာထားသည်ကို ကုမ္ပဏီများက သက်သေပြရန်အတွက် မြန်မာ့သစ်လုပ်ငန်းသည် ၄င်းတို့ သစ်တင်သွင်းမှု အဆင့်ဆင့် လမ်းကြောင်းတွင် မပါဝင်သည်ကို ပြသရမည် ဖြစ်ပြီး ထိုလမ်းကြောင်းအတွင်း ပေးသွင်းရမှုများသည်လည်း

မြန်မာ့သစ်လုပ်ငန်းအား အကျိုးမဖြစ်ထွန်းစေပါ ဟူသော အချက်ကိုလည်း ပြရမည် ဖြစ်ပါသည်။ ချမှတ်ထားသော စီးပွားရေး ပိတ်ဆို့မှုများ သဘောအရဆိုလျှင် မြန်မာ့သစ်လုပ်ငန်းသည် မြန်မာနိုင်ငံမှ ရောင်းချသော သစ်များအားလုံးအတွက် သစ်တင်ပို့မှု လမ်းကြောင်းပေါ်တွင် ပထမဆုံး အဆင့်အဖြစ် ရှိနေသောကြောင့် မြန်မာနိုင်ငံမှ မည်သည့်သစ်အမျိုးအစားမျှ ကနေဒါ၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့ခြင်း မရှိသင့်တော့ချေ။ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းပိုင် အလုံဆိပ်ကမ်းအား သစ်တင်ပို့ရာတွင် အသုံးပြုထားသည် ဆိုလျှင်၊ FPJVC က သစ်တင်ပို့မှု လမ်းကြောင်း၏ အစိတ်အပိုင်း ဖြစ်နေသည် ဆိုလျှင်လည်း စီးပွားရေး ဒဏ်ခတ်မှုကို ချိုးဖောက်ရာ ကျမည်သာ ဖြစ်သည်။

## သီးခြား ရှင်းလင်းချက်။ ပြစ်မှတ်ထားသော စီးပွားရေး ပိတ်ဆို့မှုများ၏ အရေးကြီးပုံ

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီး နောက်ပိုင်းလများတွင်လည်း သစ်များ ဆက်လက် တင်သွင်းနေဦးမည်ဟု ဥရောပသမဂ္ဂနှင့် အမေရိကန်မှ ကုမ္ပဏီကြီး နှစ်ခုတို့က ပြောဆိုခဲ့ကြ၏။

Teak Decking Systems (အမေရိကန်) ကုမ္ပဏီက ၂၀၂၁ ဧပြီလ ကြေညာချက် ထုတ်ပြန်ခဲ့ရာတွင် "ကျွန်တော်တို့ကို တင်ပို့ရောင်းချနေသူတွေက ကျွန်းသစ်တွေ ရသလောက် မြန်မြန်ဝယ်ထား လို့ ပြောကြပြီး တဖက်မှာလည်း နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့တွေက ကျွန်းသစ်တွေ မဝယ်ပါနဲ့ စစ်တပ်ကို ဘဏ္ဍာရေး ထောက်ပံ့သလို ဖြစ်နေတယ် ဆိုပြီး ပြောနေကြပါတယ်" ဟူသော ပြောဆိုချက်လည်း ပါဝင်ခဲ့၏။

TDS က မြန်မာ့ကျွန်းသစ်များကို ဆက်လက်ဝယ်ယူဖို့ ဆုံးဖြတ်ခဲ့သလို GTH Italia ကလည်း ပြီးခဲ့သည့် မေလတွင် "လက်ရှိကာလမှာ မြန်မာ့သစ်လုပ်ငန်းကို စီးပွားရေး ပိတ်ဆို့တာ မရှိသေးပါဘူးပဲ ကျွန်းသစ်မသွင်းဖို့ ပိတ်ပင်တာလည်း မရှိသေးပါဘူး။ ဆိုလိုတာကတော့ ကျွန်းသစ် ကုန်သွယ်တာကို ဥရောပသမဂ္ဂရဲ့ စည်းမျဉ်းအမှတ် ၉၉၅/၂၀၁၀ EUTR အတိုင်း အဆင့်ဆင့် လိုက်နာစရာရှိတာ လိုက်နာမယ် ဆိုရင် ဆက်လုပ်လို့ ရနေတဲ့ သဘောပါ" ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။

TDS နှင့် GTH တို့၏ ကြေညာချက်များသည် တိုက်ရိုက်ပစ်မှတ်ထားသော ဒဏ်ခတ်မှုများလုပ်ရန် မည်မျှအရေးကြီးသည်ကို အပြည့်အဝ ညွှန်ပြနေ၏။ EIA ၏ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါ ကုမ္ပဏီများအပါအဝင် မြန်မာ့ကျွန်းသစ်အား ဝယ်ယူနေသည့် ကုမ္ပဏီတိုင်းက အသိအမှတ်ပြုရန် ငြင်းဆိုသည့် အခြေအနေမှာ သစ်တင်သွင်းမှု လမ်းကြောင်း အဆင့်ဆင့်တွင် ပါဝင်နေသော ကုမ္ပဏီများသည် စစ်တပ်နှင့် တိုက်ရိုက် ဆက်စပ်နေသည်ဟူသော အချက် ဖြစ်၏။ ဥပမာအားဖြင့် -

- မြန်မာနိုင်ငံမှ ရောင်းချသော သစ်များအားလုံးအတွက် သစ်တင်ပို့မှု လမ်းကြောင်းပေါ်တွင် ပထမဆုံး အဆင့်အဖြစ် ရှိနေသော နိုင်ငံပိုင် မြန်မာ့သစ်လုပ်ငန်းသည် မြန်မာစစ်တပ် လိုလျှင် လိုသလို အသုံးပြုနိုင်သည့် ဝင်ငွေများ ပေးအပ်နေသော လုပ်ငန်းဖြစ်ပါသည်။
- သစ်တင်ပို့မှု အဆင့်ဆင့်တွင် အဓိက အရေးပါသည့် အစိတ်အပိုင်းတခုဖြစ်သော FPJVC တွင် စစ်အရာရှိ တဦးချင်းအလိုက် ရှယ်ယာပါဝင်မှု ရှိနေသောကြောင့် သစ်ရောင်းဝယ်ရေးမှ တဦးချင်း တိုက်ရိုက် အမြတ်ထွက်နေ၏။
- ဝင်း အင်တာပရိုက်စ်သည် FPJVC ၏ အစိတ်အပိုင်းတခု ဖြစ်နေ၏။
- မြန်မာ့ဆန့်စပါးလုပ်ငန်း MRT သည် IGE ကုမ္ပဏီ အုပ်စု၏ အစိတ်အပိုင်းတခုဖြစ်ပြီး စစ်တပ်နှင့် ဆက်စပ်မှု အများအပြား ရှိနေသည်။

မြန်မာ့သစ်လုပ်ငန်းကဲ့သို့သော လုပ်ငန်းများကို တိုက်ရိုက် စီးပွားရေး ပိတ်ဆို့ခြင်းသည် TDS နှင့် GTH Italia ကဲ့သို့ မြန်မာ့ကျွန်းသစ်များ တင်သွင်းပြီး မြန်မာစစ်တပ်အား ရန်ပုံငွေ ပေးနေသော ကုမ္ပဏီများအား တားဆီးနိုင်ရေးအတွက် အရေးပါသည်ကို တွေ့ရ၏။

အဆိုပါ စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်မှုများ ပုံဖော်ပြီး အရေးယူဆောင်ရွက်ခြင်းအပိုင်းတွင်မူ မေးခွန်းထုတ်စရာများ ရှိနေသေး၏။ ထိုသို့ရှိနေသေးသည်ကို သိသာစေသော အခြေအနေများမှာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အီတလီသို့ သစ်များ ဆက်လက် ရောက်ရှိနေခြင်း၊ မြန်မာစစ်တပ် ထိန်းချုပ်သော မြန်မာ့သစ်လုပ်ငန်းက နိုင်ငံတကာ ဈေးကွက်အတွက် သစ်များ လေလံတင်နေခြင်းနှင့် မြန်မာ့ကျွန်းသစ်ကို ဝယ်ယူရန်အတွက် သစ်ကုန်သည်များက အမျိုးမျိုး ကြိုးစားနေကြခြင်း တို့ ဖြစ်သည်။

စီးပွားရေးဒဏ်ခတ်မှု စည်းကမ်းအတိုင်း အရေးယူဆောင်ရွက်ရသော အဖွဲ့အစည်းများ အနေဖြင့် ကုမ္ပဏီအများစုသည် တရုတ်၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်ဝမ်စသော နိုင်ငံများကို တဆင့်ခံပြီး မြန်မာ့သစ်များကို ဝယ်ယူတင်သွင်းနေသည် ဆိုသည့် အချက်အပါအဝင် သစ်ကုန်သွယ်ရေး၏ ရှုပ်ထွေးမှုများကို သိရှိရန် လိုအပ်ပါသည်။ ထို့အပြင် စီမံခန့်ခွဲမှုနှင့် ပိုင်ဆိုင်မှုတို့နှင့် ဆိုင်သော ဆက်စပ်မှုများကို တွေ့ရသည့် မြန်မာ၊ စင်္ကာပူ၊ ဟောင်ကောင်၊ ထိုင်း သစ်ကုန်သည်များနှင့် ဥရောပသမဂ္ဂမှ အီတလီ အပါအဝင် အခြား အဖွဲ့ဝင်နိုင်ငံများအကြား ဆက်စပ်မှု ထင်ဟပ်နေပုံများကိုလည်း သိရှိရန် လိုအပ်ပါသည်။ (ပုံဖော် အချက်အလက် ၃ နှင့် ၄ မှ ဥပမာများကို ကြည့်ပါ)

ထိုသို့ ဆက်စပ်မှုများ မည်သို့ပုံစံဖြင့် ဖြစ်နိုင်သည်ကိုလည်း WWF ၏ WOB Timber ဂျာမနီ ကုမ္ပဏီအား စုံစမ်းစစ်ဆေးမှုတွင် ဥပမာယူနိုင်ပါသည်။ ၂၀၀၈-၁၁ ကာလတွင် WOB သည် ယခင် ချမှတ်ခဲ့ဖူးသော ဥရောပသမဂ္ဂ၏ စီးပွားရေး ပိတ်ဆို့မှု စည်းကမ်းကို လက်တလုံးခြား လုပ်ရန်အတွက် မြန်မာ့သစ်များကို ထိုင်ဝမ်ကို တဆင့်ခံပြီး တင်သွင်းရန် ကြိုးစားခဲ့ပါသည်။ ၄င်းထက်ပိုပြီး လတ်တလောကျသော ဥပမာပြရလျှင် ၂၀၁၉ ဧပြီလ တွင် တရုတ်နိုင်ငံတွင် ထုတ်လုပ်သည် ဆိုသော ကျွန်းစားပွဲ အလုံး ၂၀၀ ကို ဒတ်ချ် အာဏာပိုင်များက စီးနင်းခဲ့ရာတွင် အဆိုပါ ကျွန်းခုံထုတ်လုပ်သော တရုတ်စက်ရုံသည် FSC စစ်ဆေးအတည်ပြုချက် ရထားပြီး ထိုစားပွဲများတွင်လည်း အဆင့်ဆင့် သယ်ယူလာခဲ့သည့် လမ်းကြောင်းအား သစ်တရားဝင်မှု အပါအဝင် အတည်ပြုသည့် FSC လက်မှတ်များလည်း ရရှိထားသည်ကို တွေ့ရ၏။ ပိုင်ရှင်ကုန်သည်ကလည်း အဆိုပါ ကျွန်းသစ်များသည် ဘရာဇီးတွင် ပုံစံချ စိုက်ပျိုးထားသော သစ်များဖြစ်သည်ဟု ပြောဆိုခဲ့သောလည်း နောက်ပိုင်း ဒတ်ချ်အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုအရ အဆိုပါ ကျွန်းသစ်များသည် မြန်မာနိုင်ငံမှ သဘာဝ ကျွန်းသစ်များ ဖြစ်နေသည်ကို ဖော်ထုတ်နိုင်ခဲ့လေသည်။

အဆိုပါ WOB နှင့် ကျွန်းစားပွဲ အမှုတို့သည် မြန်မာ့ကျွန်းသစ်ကို ဝယ်ယူရရေးအတွက် ကုမ္ပဏီများက မည်မျှအထိ အရဲစွန့် လုပ်ကိုင်သည်ဆိုသော အခြေအနေများအတွက် ဥပမာများပင် ဖြစ်သည်။ သို့ရာတွင် ထိုသို့ လုပ်သည်ကို မိသွားလျှင်လည်း WOB အား ယူရိုငွေ ၃.၃ သန်း ဒဏ်ငွေ ဆောင်ရန်နှင့် အုပ်ချုပ်ရေး ဒါရိုက်တာ Stephan Bührich ဆိုင်းငံ့ထောင်ဒဏ် ၂၁ လနှင့်အတူ ဒဏ်ငွေ ယူရို နှစ်သိန်း ပြစ်ဒဏ်ချခံရသကဲ့သို့ ပြစ်ဒဏ်ကျသွားနိုင်ပြီး အဆိုပါ ဒါရိုက်တာက နောက်ထပ် အလားတူ ထပ်မံကျူးလွန်လျှင် ပိုမိုကြီးလေးသော ပြစ်ဒဏ် ချမည် ဟူ၍လည်း ထိုအမိန့်များ ချလိုက်သော ဂျာမန်တရားရုံးတရုံးက သတိပေးခံခဲ့ရသည်ကို တွေ့ရပါသည်။

# အကြံပြုချက်များ

အီတလီနှင့်တကွ နိုင်ငံတကာမှ သစ်ကုန်သည်များ အနေဖြင့်။ ။

- မြန်မာနိုင်ငံမှ သစ်များတင်သွင်းနေခြင်းကို ချက်ချင်း ရပ်ဆိုင်းရန်

အီတလီ အာဏာပိုင်များအနေဖြင့်။ ။

- ကြားခံနိုင်ငံ(ဥပမာ-စက်ာပူ)များမှတဆင့် အပါအဝင် မြန်မာ့သစ်များ အီတလီနိုင်ငံအတွင်းသို့ တင်သွင်းဝင်ရောက်မှု မရှိစေရေး လုပ်ဆောင်ခြင်းအားဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့် FPJVC အပေါ်တွင် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှု ထိရောက်စေရန်
- EUTR စည်းမျဉ်းက ပြဋ္ဌာန်းသော အဆင့်ဆင့် လိုက်နာဖွယ်ရာ လုပ်ငန်းစဉ်များကို မလိုက်နာလျှင် အများဆုံး ဒဏ်ငွေ ယူရို တသန်း ဒဏ်ရိုက်မှု အပါအဝင် EUTR စည်းမျဉ်း ဥပဒေ စိုးမိုးရေးအတွက် လုပ်ပိုင်ခွင့်အာဏာ အားလုံး အပြည့်အဝ အသုံးချရန်
- အဆိုပါ တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်လာသည် ဆိုလျှင် အီတလီ ဥပဒေပြုခြင်းဆိုင်ရာ ပြောင်းလဲမှု ပြုရန်
- ဘဏ္ဍာရေးဆိုင်ရာ ရာဇဝတ်မှုများကို အပြည့်အဝ စုံမမ်းစစ်ဆေးနိုင်ရန်အတွက် ရရှိသောထားသော သက်ဆိုင်ရာ အချက်အလက်များကို ဘဏ္ဍာရေး စည်းကြပ်အဖွဲ့အား ဝေမျှရန်

ဥရောပသမဂ္ဂနှင့် ယူကေနိုင်ငံတို့မှ အခြား ပြစ်ဒဏ်ချနိုင်စွမ်းရှိသော အာဏာပိုင်များ အနေဖြင့်။ ။

- အဖွဲ့ဝင်နိုင်ငံ အသီးသီးတွင်ရှိသော ကုမ္ပဏီများက EUTR စည်းမျဉ်း (ယူကေနိုင်ငံအတွက် UKTR စည်းမျဉ်း) များ ချိုးဖောက်မှုများတွင် ကြံရာပါအဖြစ် ပါဝင် ချိုးဖောက်နေခြင်း ရှိမရှိ စုံစမ်းစစ်ဆေးရန်

ဥရောပ ကော်မရှင် အနေဖြင့်။ ။

- EUTR စည်းမျဉ်း ဥပဒေ စိုးမိုးစေရန် ပျက်ကွက်သည့် အီတလီအပေါ် အမှုဖွင့်ရန်

နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့်။ ။

- စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုများနှင့် ပတ်သက်၍ မည်သူ့ကို ပစ်မှတ်ထားပြီး မည်သို့ အကောင်အထည်ဖော်မည် ဆိုသည့်အချက် အပါအဝင် စီးပွားရေးပိတ်ဆို့မှုများကို စနစ်တကျ ချဉ်းကပ် အကောင်အထည်ဖော်ရန်။ ထိုသို့ လုပ်ဆောင်ရာတွင် မြန်မာစစ်တပ်နှင့် သိသာထင်ရှားသော ဆက်နွယ်မှုရှိသည့် မြန်မာကုမ္ပဏီများကို ပစ်မှတ်ထားရန် (ဥပမာ-မြန်မာ့ဆန်စပါး ရောင်းဝယ်ရေး)

နောက်ဆက်တွဲ မှတ်စု ၁။ ၂၀၁၁-၂၀ အတွင်း ယူကေ အပါအဝင် ဥရောပသမဂ္ဂနိုင်ငံများက HS Code 44 ဖြင့် တင်သွင်းမှု အားလုံး (ယူရိုသန်းဂဏန်းဖြင့်)

အက်စ်တိုးနီးယားနှင့် မော်လ်တာနိုင်ငံတို့က အဆိုပါ ကာလအတွင်း မြန်မာနိုင်ငံမှ မည်သည့်သစ်ကိုမျှ မတင်သွင်းခဲ့ပါ။

| | 2011 | 2012 | 2013 | 2014 | 2015 | 2016 | 2017 | 2018 | 2019 | 2020 |
|---|---|---|---|---|---|---|---|---|---|---|
| Austria | 0 | 0.003 | 0.056 | 0 | 0.254 | 0 | 0.001 | 0 | 0 | 0 |
| Belgium | 0.003 | 0.631 | 0.549 | 0.93 | 1.559 | 2.12 | 2.795 | 4.855 | 0.995 | 0.367 |
| Croatia | 0.288 | 0.285 | 0.14 | 0.106 | 0.164 | 0.542 | 0.251 | 1.614 | 4.168 | 1.8 |
| Cyprus | 0 | 0 | 0 | 0 | 0.002 | 0 | 0 | 0 | 0 | 0 |
| Czech Rep. | 0 | 0 | 0 | 0 | 0 | 0 | 0 | 0.519 | 1.339 | 0 |
| Denmark | 0 | 0.247 | 1.058 | 0.874 | 2.016 | 3.442 | 0.269 | 0 | 0.001 | 0.011 |
| Finland | 0 | 0.073 | 0.257 | 0.259 | 0.423 | 0.989 | 0.944 | 0.442 | 0 | 0 |
| France | 0 | 0.088 | 0.127 | 0.874 | 1.906 | 2.309 | 2.103 | 1.636 | 1.736 | 1.365 |
| Germany | 0.104 | 1.887 | 5.607 | 3.515 | 5.951 | 7.058 | 4.489 | 5.074 | 0.092 | 0.047 |
| Greece | 0 | 0 | 0.001 | 0.122 | 0.205 | 0.218 | 0.444 | 1.345 | 5.652 | 3.042 |
| Hungary | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0.014 |
| Ireland | 0 | 0 | 0 | 0 | 0 | 0.001 | 0.006 | 0 | 0.001 | 0.009 |
| Italy | 0.001 | 1.324 | 7.377 | 6.726 | 6.864 | 13.244 | 13.834 | 23.324 | 25.09 | 23.826 |
| Lithuania | 0 | 0 | 0 | 0 | 0 | 0 | 0.067 | 0 | 0 | 0 |
| Netherlands | 0 | 0.267 | 1.419 | 1.231 | 0.866 | 2.913 | 3.955 | 1.296 | 0.152 | 0.145 |
| Poland | 0 | 0 | 0 | 0.349 | 0.509 | 0.098 | 0.475 | 1.178 | 0.553 | 1.192 |
| Portugal | 0 | 0 | 0 | 0 | 0.124 | 0.001 | 0.079 | 0.075 | 0.22 | 0.106 |
| Romania | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0.2 | 0 |
| Slovakia | 0 | 0 | 0 | 0 | 0 | 0 | 0.005 | 0.006 | 0 | 0 |
| Slovenia | 0 | 0 | 0.052 | 0.047 | 0.134 | 0.296 | 0.601 | 0.346 | 0 | 0.052 |
| Spain | 0 | 0.001 | 0.063 | 0.298 | 0.379 | 0.572 | 0.289 | 1.136 | 0.584 | 0.568 |
| Sweden | 0 | 0.171 | 0.314 | 0.538 | 0.449 | 0.896 | 0.786 | 1.787 | 3.238 | 3.43 |
| UK | 0 | 0.255 | 0.74 | 0.441 | 0.728 | 0.859 | 0.542 | 0.289 | 0.365 | 0.206 |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| Total | 0.396 | 5.232 | 17.76 | 16.31 | 22.533 | 35.558 | 31.935 | 44.922 | 44.386 | 36.18 |

နောက်ဆက်တွဲ မှတ်စု ၂။ HF Italy နှင့် Comilegno တို့အတွက် Viator Pula ကုမ္ပဏီက ခရိုအေးရှားမှတဆင့် သစ်ပေးပို့သည့် အသုတ်များ အကျဉ်းရုံးအချက်အလက်

| | HF ITALY | HF ITALY | COMILEGNO |
|---|---|---|---|
| **Departure port Yangon** | Myanmar industrial port (MIP) | Asia World Port Terminal (AWPT) | Asia World Port Terminal (AWPT) |
| **Shipment dates (dep. Yangon, arr. Croatia)** | D: 22/12/2017<br>A: 30/01/2018 | D: 25/02/2019<br>A: 27/03/2019 | D: 21/10/2019<br>A: 05/12/2019 |
| **US$ Value Yangon– (Export Declaration – ED)** | 45,686.98 | 46,775.76 | 67,169.86 |
| **Shipping costs $** | 1,196.61 | 1,576.26 | NA |
| **$ Value Rijeka - SAD** | 77,118.45 | 66,377.37 | 152,208.35 |
| **Value change % (ED + shipping – SAD)** | 64.50% | 37.30% | 226.6%* |
| **HS code Yangon** | 4418100030 | 4418 | 4407296900 |
| **HS code Rijeka** | 44072995 | 44072995 | NA |
| **Estimated Special Goods Tax (SGT) avoided for export ($)** | 4568.7 | 4677.58 | NA |
| **Estimated Myanmar Customs Tariff (MCT) avoided ($)** | 5482.44 | 5613.09 | NA |
| **Overlapping ownership / management (Myanmar / Singapore)** | **X**<br>(KMI, Win Timber) | **X**<br>(National Wood Industry (NWI), Win Timber) | **X**<br>(Myanmar Rice Trading, IPL) |

*Not including shipping costs

ends